ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 14 January 2020 ၆၈၉၄

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြီးကြပ်လမ်းညွှန်မှုဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကယားပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

**လွိုင်ကော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ကယားပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြီးကြပ်လမ်းညွှန်မှုဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းစိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

**သတ်မှတ်ထားသော စံ(၅) ချက်**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို ကျင်းပရာတွင် သတ်မှတ်ထားသော စံ(၅) ချက်ဖြစ်သည့် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည် ဆိုသည့်အချက်များနှင့်အညီ ကျင်းပပေးလျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်ကို အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရေးနှစ်အဖြစ် သတ်မှတ်ပြီး စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ မြို့နယ်များအလိုက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြုစုခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံချက်၏ အပိုင်း(၁)တွင် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် စိစစ်ခြင်း၊ အပိုင်း(၂)တွင် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ အပိုင်း(၃)တွင် ပြောင်းလဲနေသော လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပိုင်း(၄)တွင် အခြေခံမဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခြင်းဟူ၍ အပိုင်း(၄)ပိုင်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုကာလသည် စီမံချက်၏ အပိုင်း(၃)ဖြစ်သော **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

# အင်းလေးကန်ဘေးမဲ့တောအတွင်း ရေပျော်ငှက်စာရင်းကောက်ယူ

**ညောင်ရွှေ ဇန်နဝါရီ ၁၃**

အာရှရေပျော်ငှက်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းရှိ အဓိကရေဝပ်ဒေသကြီးများဖြစ်သည့် အင်းလေးကန်၊ ဘီလူးချောင်း၊ စံကားအင်းနှင့် မိုးဗြဲဆည်(ဖယ်ခုံအင်း)တို့တွင် ဇန်နဝါရီ ၁၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ■

## ကြေးမုံ ယနေ့ ဖတ်စရာ

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၅

---

**၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၄၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၆၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့**

စာမျက်နှာ » ၄

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# စုပေါင်းညီညာ အောင်ကြောင်းအဖြာဖြာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရေးပါသောအခြေခံလုပ်ငန်းမှာ မိမိတို့ရပ်ရွာဒေသအတွင်း ကောင်းသောအမှုကိစ္စအဖြာဖြာတို့ကို ဘာသာ၊ လူမျိုးမခွဲခြားဘဲ တစ်ဦးအပေါ်တစ်ဦး နားလည်မှုရှိရှိ ပူးပေါင်းလုပ်ဆောင်နိုင်ခြင်းပင် ဖြစ်သည်။

အိမ်ထောင်စုများ စုပေါင်းနေထိုင်ကြသဖြင့် ရပ်ရွာတို့ပေါ်ပေါက်လာသည်။ ရပ်ရွာတို့စုပေါင်းဖွဲ့စည်းလိုက်သဖြင့် မြို့၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၊ နိုင်ငံတို့ ပေါ်ပေါက်လာရသည်။ ထိုနိုင်ငံတော်ကြီးအေးချမ်းသာယာပျော်ရွှင်ဖွယ်ကောင်းပြီး ဖွံ့ဖြိုးတိုးတက်လာရေးမှာ ရပ်ရွာဒေသများတွင် စည်းလုံးညီညွတ်စွာဖြင့် ကောင်းသောအမှုများကို နားလည်မှုရှိရှိဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးဖြစ်သည်။

လူမှုဘဝတည်ဆောက်မှုအရ၊ ဆိုင်ရာဆိုင်ရာ ဘာသာတရားအရ ကောင်းသောအမှုတို့ကို ပြုလုပ်ခြင်းသည် ယခုဘဝပစ္စက္ခတွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုတို့ကို ရရှိနိုင်သည်။ နောင်သံသရာဘဝများတွင်လည်း ဆိုင်ရာဆိုင်ရာအထက်တန်းကျသော ဘဝသမ္ပတ္တိသုခကို ရရှိနိုင်သည်။ ထုံးစံအစဉ်အလာအရ ကောင်းသောအမှုကိုပြုလုပ်ခြင်းသည် အဖိုးတန်လှပေသည်။ ထိုသို့အဖိုးတန်သောဘဝများကို လူတိုင်းလူတိုင်း ခံစားနိုင်ရေးအတွက် အသိမှန်၊ အလုပ်မှန်ဖြစ်လာစေရန် မိမိတို့ရပ်ရွာအတွင်း၌ ကောင်းသောအသင်းအပင်းများဖြင့် စုစည်းကာပြုလုပ်ကြရမည် ဖြစ်သည်။

မြတ်စွာဘုရားရှင်က ပုဂ္ဂိုလ်လေးမျိုးကို ဟောပြတော်မူသည်။ ဘာသာတရား၏ ညွှန်ပြမှုအရ ကောင်းသောအမှုများကိုပြုလုပ်လေ့ရှိပြီး သူတစ်ပါးကိုလည်း ဟောပြောပြသစည်းရုံးမှု မပြုသူ၊ ကိုယ်တိုင်ကမူ ကောင်းမှုမပြုဘဲ သူတစ်ပါးကိုသာ တိုက်တွန်းနှိုးဆော်တတ်သူ၊ ကိုယ်တိုင်လည်းကောင်းမှုမပြု၊ သူတစ်ပါးကိုလည်း တိုက်တွန်းခြင်းမပြုသူနှင့် မိမိကိုယ်တိုင်ကောင်းသောအမှုများကို စေတနာပါပါပြုလုပ်ပြီး အခြားသူများကိုလည်း မိမိကဲ့သို့ပင် ကောင်းသောအမှုများကို ပြုလုပ်ကြရန် တိုက်တွန်းနှိုးဆော်တတ်သူ ဖြစ်သည်။

ထိုပုဂ္ဂိုလ်လေးမျိုးတို့၏ စိတ်နေစိတ်ထားနှင့် ဆောင်ရွက်ချက်များကွဲပြားမှုကြောင့် လောကအလယ်တွင် လူတန်းစားလေးမျိုးပေါ်ပေါက်လာသည်။ ဤဒေသနာကိုကြည့်ပါက မိမိကိုယ်တိုင် ကောင်းသောအမှုများကို ပြုလုပ်လေ့ရှိပြီး သူတစ်ပါးကိုလည်း မိမိကဲ့သို့ ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်စည်းရုံးဦးဆောင်သူနှင့် သူ၏ပတ်ဝန်းကျင်ရှိလူအများမှာ အေးချမ်းသာယာစိတ်ချမ်းမြေ့မှုအပေါင်းနှင့်ပြည့်စုံကာ ဥစ္စာပစ္စည်းပေါများခြင်းနှင့် ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်းတို့ ပြည့်စုံနိုင်သည်။ ကိုယ်တိုင်လည်း ကောင်းသောအမှုကိုမပြု၊ သူတစ်ပါးကိုလည်း တိုက်တွန်းခြင်းမပြုသည့်အပြင် မကောင်းမှုများကို ပြုလုပ်ကြရန် စည်းရုံးလုပ်ကိုင်ကြသောနယ်ပယ်များတွင် ဒုက္ခဆင်းရဲရောက်နေသည်ကို မြင်တွေ့ရမည် ဖြစ်သည်။

ရပ်ရွာကောင်းကျိုးကို ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ရည်ရွယ်ချက် နှစ်မျိုး ရှိသည်။ မိမိရပ်ရွာရှိလူအများအနေဖြင့် သံသရာတစ်လျှောက်ဘဝသမ္ပတ္တိပြည့်စုံစေရန်နှင့် ပတ်ဝန်းကျင်ရှိ လူအပေါင်းတို့ စည်းလုံးချစ်ကြည်မှု တိုးတက်ကောင်းမွန်စေရန် ဖြစ်သည်။ ထိုရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုသားအသင်းအဖွဲ့အပေါင်းတို့သည် စည်းရုံးစုပေါင်းကြကာ အမျိုး၊ ဘာသာ၊ နိုင်ငံတော်အတွက် ဆောင်ရွက်ကြရသည်။ လူတိုင်းလူတိုင်း ဝမ်းရေးအတွက် အချိန်ပြည့် ကြိုးစားရုန်းကန်နေရသည့်ကြားကပင် ကောင်းသောအမှုများကို ပြုလုပ်ကြခြင်းဖြင့် ရပ်ရွာအကျိုးကို သယ်ပိုးဆောင်ရွက်ကြရမည် ဖြစ်သည်။

အမှန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံရုံမျှဖြင့် လောက၌ ငြိမ်းချမ်းသာယာမှုကို မရနိုင်။ ထိုသို့မရနိုင်ကြောင်းကို သိပ္ပံပညာထွန်းကားသောကမ္ဘာလောကကြီးအတွင်းမှ အဖြစ်အပျက်များက သက်သေပြလျက်ရှိသည်။ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံရုံမျှဖြင့်လည်း လောက၌ ငြိမ်းချမ်းသာယာမှု အပေါင်းကို မရနိုင်ကြောင်းကို ဤလောက၌ပင် သက်သေပြလျက်ရှိသည်။ သို့ရာတွင် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှုဖြင့်ကား လောက၌ ငြိမ်းချမ်းသာယာမှုကို ရရှိနိုင်သည်။ သို့ဖြစ်ရာ လောကဓမ္မ နှစ်ဌာနအကျိုးကို ပြီးစေသော ကောင်းသောအမှု၊ ကောင်းသောအလုပ်တို့ကို မြန်မာနိုင်ငံသူ နိုင်ငံသားများအားသွန်ခွန်စိုက် ကြိုးပမ်းအပ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ရာဇဝတ်အထူးအယူခံမှု လေးမှုနှင့် တရားမ အထူးအယူခံမှု နှစ်မှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု လေးမှုနှင့် တရားမအထူးအယူခံမှု နှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၁/၂၀၂၀) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁/၂၀၂၀)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပူးပေါင်းကော်မတီအနေဖြင့် ပြင်ဆင်ရေးပူးပေါင်းကော်မတီတွင်ပါဝင်သည့် နိုင်ငံရေးပါတီ၊ အစုအဖွဲ့အသီးသီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့မှ တင်ပြခဲ့သည့် အခန်းလိုက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန်အကြံပြုချက်များအပေါ် ပြင်ဆင်သည့် ဥပဒေမူကြမ်းရေးဆွဲရန် ဆန္ဒပြုမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ နိဒါန်းအပါအဝင် အခန်း (၁) နိုင်ငံတော်အခြေခံမူများ အခန်းမှစ၍ အခန်း (၁၅) အထွေထွေပြဋ္ဌာန်းချက်များ၊ ဇယား (၁)မှဇယား(၅)ထိဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လုံးကို ပြီးစီးအောင်ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၅၀၀ | ၁,၂၇၂ | ၁၉,၀၀၁,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၈,၉၇၈ | ၃၄,၅၆၇,၆၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၅၇ | ၁,၂၇၁,၇၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၅၁ | ၁,၁၄၇,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၂၁ | ၅၉,၈၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရန်ကုန်(ရွှေဈေး) ၁၂၁၇၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၀/၉၇၀ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၈၀ ကျပ် | ၁၀၃၀/၁၀၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၉၅ ကျပ် | ၉၂၅/၉၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၀/၉၈၀ ကျပ် | ၉၉၀/၁၀၀၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၉၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၈၃.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၅၀.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၂၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၁၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၄၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၂.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၄၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၅.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၁.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**❒ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများမှ**

ပြောင်းလဲနေသော လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်နေသည့်အချိန်ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့်လည်း အမှားအယွင်းကင်းသော မဲဆန္ဒရှင်စာရင်းများရရှိစေရေးအတွက် ပြောင်းလဲနေသော မဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများ သေချာစွာ စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီမံချက်၏အပိုင်း(၄) ဖြစ်သော အခြေခံမဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာချိန်တွင် မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုစေရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့်ပူးပေါင်းပြီး မဲဆန္ဒရှင်အသိပေးလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ မှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများကို ရရှိမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် အရာထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း အုပ်စုသုံးအုပ်စုခွဲ၍ နေပြည်တော်တွင် ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို တက်ရောက်ခဲ့သည့် ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အရာထမ်းများမှ သက်ဆိုင်ရာခရိုင်များအလိုက် ဆင့်ပွားသင်တန်းများကို ဆက်လက်ပို့ချရမည်ဖြစ်ပါကြောင်း၊ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်၊ ညွှန်ကြားချက်များနှင့်အညီ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ရည်ရွယ်ပြီး စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အများယုံကြည်လေးစားသော တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ပြည်နယ်ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင် သုံးဦးအတွက် ၂၀၂၀ ပြည့်နှစ် တစ်နှစ်စာချီးမြှင့်ငွေခံစားခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦးအတွက် ချီးမြှင့်ငွေများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်၍ အလှည့်ကျခံစားခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် စံ(၅)ရပ်နှင့်အညီ ကျင်းပသွားမည်ဖြစ်၍ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်ဆန်းဝင်းက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌနှင့် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်ရှင်များနှင့် မသန်စွမ်းအသင်းအဖွဲ့များ ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တွေ့ဆုံပွဲတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအလုပ်အကိုင်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က မသန်စွမ်းသူများကို အလုပ်ခန့်ထားသည့် ကုမ္ပဏီများအနေဖြင့် ဝယ်ယူအားပေးသူများနှင့် လူမှုအသိုက်အဝန်းက ကုန်ပစ္စည်းအမှတ်တံဆိပ်အပေါ် အလေးထား၍ ကုန်သွယ်မှုကောင်းမွန်လျက်ရှိကြောင်း၊ မသန်စွမ်းသူများအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားစေရန် သက်ဆိုင်ရာလုပ်ငန်းခွင်အလိုက် ဆောင်ရွက်ပေးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ မသန်စွမ်းသူများ အဆင်ပြေသင့်လျော်သည့် လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဖြစ်စေရေး၊ လုပ်ငန်းခွင်အတွင်း ဆက်ဆံမှုအဆင်ပြေစေရေး စသည်တို့ကို အလုပ်ရှင်များအနေဖြင့် ကောင်းမွန်သော အစီအမံများနှင့် ဆောင်ရွက်ပေးသင့်ကြောင်း၊ အလုပ်ရှင်များအနေဖြင့် မသန်စွမ်းသူများကို အောင်မြင်စွာ အလုပ်ခန့်ထားနိုင်ရေး စီမံပြင်ဆင်ထားစေလိုကြောင်း၊ အလုပ်ခေါ်ယူလိုပါက မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ အကြောင်းကြားစေလိုကြောင်း၊ ခန့်အပ်ပြီးပါက အလုပ်ခွင်တည်မြဲရေးအဖွဲ့အစည်းအလိုက်ဖြစ်စေ၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ တတ်နိုင်သရွေ့ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ မသန်စွမ်းသူများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် သင့်လျော်သည့်အလုပ်ကို လူမှန် နေရာမှန် ခန့်ထားပေးနိုင်ရေး အလုပ်ရှင်များက Corporate Social Responsibility – CSR ကို အကောင်အထည်ဖော်သည့်အနေဖြင့် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့က မသန်စွမ်းသူများအတွက် သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးနေမှု၊ မသန်စွမ်းသူများကို အလုပ်အကိုင်ရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းရှင်များနှင့် မသန်စွမ်းအသင်းအဖွဲ့များက မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုသည်များ၊ စက်မှုဇုန်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**သန့်ဇော်**

**■ အင်းလေးကန်ဘေးမဲ့တောမှ**

"အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာအတွင်းရှိ နယ်မြေလေးခုမှာ အဖွဲ့လေးဖွဲ့ခွဲပြီး ငှက်စာရင်းကောက်ယူခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ငှက်စာရင်းကောက်ယူရာမှာ ဒေသခံရေပျော်ငှက်မျိုးစိတ် ၁၉ မျိုး (ကောင်ရေ ၇၆၆၈ ကောင်)၊ ဒေသပြောင်းရွှေ့ ရေပျော်ငှက် မျိုးစိတ် ၁၇ မျိုး (ကောင်ရေ ၅၆၀၃ ကောင်)၊ ဒေသခံ သစ်တောငှက် မျိုးစိတ် ၄၄ မျိုး (ကောင်ရေ ၁၉၁၁ ကောင်)၊ ဒေသပြောင်းရွှေ့ သစ်တောငှက်မျိုးစိတ် ၁၁ မျိုး (ကောင်ရေ ၁၀၄ ကောင်)တို့ကို စာရင်းကောက်မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ထို့ပြင် အင်းလေးကန်ငှက်ကြည့်စင် ဧရိယာအတွင်းမှာ ရှားပါးရေပျော်ငှက်မျိုးစိတ်ဖြစ်တဲ့ ဘဲအုပ်စုမှ Bear' Pochard (Aythya baeri) (CR) နှစ်ကောင်နဲ့ စံကားအင်းအတွင်းမှာ မျက်ခုံးဖြူရေငုံး White–browed Crake (Porzana cinerea) သုံးကောင်ကို မှတ်တမ်းသစ်အဖြစ် စာရင်းကောက်ယူမှတ်တမ်းတင်နိုင်ခဲ့ပါတယ်"ဟု အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

အာရှရေပျော်ငှက်စာရင်းကောက်ယူခြင်းကို ရေပျော်ငှက်များ၏ အရေအတွက်ကို ခန့်မှန်းနိုင်ရန်၊ ရေပျော်ငှက်အကောင်ရေ ပြောင်းလဲမှုနှင့် ပျံ့နှံ့နေထိုင်မှုကို စောင့်ကြည့်လေ့လာရန်၊ လူသိနည်းသောရေပျော်ငှက်များ၊ မျိုးစိတ်များနှင့် ရေဝပ်ဒေသများအကြောင်း ပိုမိုသိရှိလာစေရန်နှင့် ရေပျော်ငှက်များ၊ ရေဝပ်ဒေသများ၏ အရေးပါမှုကို နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်နှင့်ဒေသအဆင့် ပိုမိုသိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။

အာရှရေပျော်ငှက်စာရင်းကောက်ယူခြင်းကို နိုင်ငံပေါင်း ၂၅ နိုင်ငံ၌ နှစ်စဉ် ဇန်နဝါရီလ ဒုတိယပတ်နှင့် တတိယပတ်တို့တွင် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ရမ်ဆာဒေသများဖြစ်သည့် အင်းတော်ကြီးအင်း၊ အင်းလေးကန်နှင့် မိုးယွန်းကြီးအင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ ရေပျော်ငှက်များအတွက် အရေးကြီးထိန်းသိမ်းသင့်သည့် ပုလိပ်အင်းနှင့် ပျူကန်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**







# တစ်ကိုယ်ရေမိခင်များနှင့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေး အသိပညာပေးဟောပြောပွဲများ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို)သည် ရှမ်းပြည်နယ်ရှိ တောင်ကြီးမြို့နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ တစ်ကိုယ်ရေမိခင်များနှင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးအသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲများတွင် ပြည်နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး အသင်းအထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာပြုံးမိုအိ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာချယ်ရီစမ်း၊ ဒေါက်တာဝင်းမင်းသန့်နှင့် ဒေါက်တာဖြိုးသီတာစိုးတို့က အခြေခံမျိုးဆက်ပွားကျန်းမာရေး၊ အရေးပေါ် သားဆက်ခြားနည်းလမ်းများနှင့် "မိသားစုဘဝသာယာဖို့ သားဆက်ခြားကြစို့"အသိပညာပေးခြင်းတို့ကို ဟောပြောခဲ့ကြသည်။

မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ ဟောပြောပွဲများသို့ တောင်ကြီးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ စုစုပေါင်း ၅၅၈ ဦး၊ ဟိုပုံးအထက(၁)တွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ စုစုပေါင်း ၂၂၂ ဦး၊ ဆီဆိုင်အထက(၁)တွင် ပအိုဝ်း၊ လီဆူ၊ ကယန်းတိုင်းရင်းသားများအပါအဝင် စုစုပေါင်း ၃၀၀၊ ပင်လောင်းတွင် ရှမ်း၊ ကယန်း၊ ပအိုဝ်းတိုင်းရင်းသားများအပါအဝင် မြို့မိမြို့ဖများ စုစုပေါင်း ၃၁၉ ဦး၊ ညောင်ရွှေမြို့အထက(၂) တွင် ကျောင်းသား ကျောင်းသူ ၂၇၈ ဦးနှင့် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် အင်းတိုင်းရင်းသားများအပါအဝင် မြို့မိမြို့ဖများ စုစုပေါင်း ၁၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ထွန်း**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအနက် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်း ဆောင်ရွက်

နေပြည်တော်  ဇန်နဝါရီ  ၁၃
မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအနက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမျိုးအစားလေးမျိုး**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများအား ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူများဟူ၍ အမျိုးအစားလေးမျိုး ခွဲခြားသတ်မှတ်ကာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) ကျင့်သုံးခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ လျှောက်ထားသူများကို ထုတ်ပြန်ပြဋ္ဌာန်းထားသည့် နည်းဥပဒေနှင့်အညီဖြစ်စေရေးအတွက် လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီတို့မှ အဆင့်ဆင့်စိစစ်ရွေးချယ်ကာ လူတွေ့မေးမြန်းအကဲဖြတ်၍ အဆင့်ဆင့်အတည်ပြုပြီး အမြဲနေထိုင်ခွင့် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ ယခုလူတွေ့စစ်ဆေးခြင်းကို လုပ်ငန်းကော်မတီနှင့် ဗဟိုကော်မတီတို့မှ အဆင့်ဆင့်စိစစ်ပြီးဖြစ်သည့် အမြဲနေထိုင်ခွင့်လျှောက်ထားသူ ၁၈ ဦးကို လူကိုယ်တိုင် တွေ့ဆုံမေးမြန်းအကဲဖြတ်ကာ အမြဲနေထိုင်ရန် ခွင့်ပြုသင့်၊ မပြုသင့်ကို ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းအကဲဖြတ် အကြံပြုဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူးကိုယ်စား လုပ်ငန်းတာဝန်ခံက နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားမှုနှင့် ဗဟိုကော်မတီမှစိစစ်ပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဝင်များသည် လူတွေ့အကဲဖြတ်ခံရမည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများကို တစ်ဦးချင်းတွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအခြေအနေများကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

**၅၉၁ ဦး ခွင့်ပြုပေးခဲ့**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ငန်းစတင်ဆောင်ရွက်သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ယခုအထိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူစုစုပေါင်း ၆၄၈ ဦးရှိသည့်အနက် ၅၉၁ ဦးကို ခွင့်ပြုပေးခဲ့ပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအနက် ရင်းနှီးမြှုပ်နှံသူတစ်ဦး၊ မြန်မာနိုင်ငံသားဟောင်း ၁၃ ဦး၊ ယင်းတို့နှင့်ဆက်စပ်သူ နိုင်ငံခြားသား လေးဦး စုစုပေါင်း နိုင်ငံခြားသား ၁၈ ဦးကို လူတွေ့မေးမြန်းအကဲဖြတ် အတည်ပြုဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြ၍ နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၄၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၆၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

နေပြည်တော်  ဇန်နဝါရီ  ၁၃
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက်ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၁၃၅၉ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၂၅၁၉၂ ဦး စုစုပေါင်း ၂၆၅၅၁ ဦး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၆၄၇၂ ဦး၊ စင်ကာပူနိုင်ငံသို့ ၇၆ ဦး၊ ကိုရီးယားနိုင်ငံသို့ ၅၃၆ ဦး၊ ထိုင်းနိုင်ငံသို့ ၁၆၆၉၁ ဦး၊ ဂျပန်နိုင်ငံသို့ ၆၁၉ ဦး၊ ယူအေအီးနိုင်ငံသို့ တစ်ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၆၃ ဦး၊ ကာတာနိုင်ငံသို့ ၁၄ ဦး စုစုပေါင်း ၂၄၅၇၂ ဦးကို အလုပ်အကိုင်အတွက် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မုံရွာမြို့တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး၊ အဖုအကျိတ်နှင့် မီးလောင်ဒဏ်ရာရလူနာများကို အခမဲ့ ခွဲစိတ်ကုသပေးမည်

မုံရွာ  ဇန်နဝါရီ  ၁၃
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး၊ အဖုအကျိတ်နှင့် မီးလောင်ဒဏ်ရာရ လူနာများကို ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ မုံရွာမြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့အခမဲ့ခွဲစိတ်ကုသပေးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် ဂျာမနီနိုင်ငံ German Inter Plast အသင်း၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီး (မုံရွာ)နှင့် မုံရွာမြို့ပရဟိတအဖွဲ့များ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး လူနာများအနေဖြင့် ဖုန်း - ၀၉-၇၇၄၀၀၂၄၆၈၊ ၀၉-၄၀၀၅၅၂၈၃၊ ၀၉-၇၉၄၀၁၀၀၁၃ နှင့် ၀၉-၇၇၇၅၅၀၉၆၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည့်အပြင် လူနာလက်ခံရာဌာနဖြစ်သည့် မုံရွာမြို့ရှိ သုခမ္မစာရီဗိမာန်၌လည်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အဆိုပါခွဲစိတ်မှုနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက မြို့နယ်များမှ တစ်မြို့နယ်လျှင် လူနာသုံးဦးမှ လူနာခုနစ်ဦးအထိ စုစုပေါင်းလူနာ ၁၀၀ ခန့်ကို ပြည်သူ့ဆေးရုံကြီး(မုံရွာ)၌ ဂျာမနီနိုင်ငံ German Inter Plast အသင်းမှ ဆရာဝန်အဖွဲ့သုံးဖွဲ့နှင့် မြန်မာဆရာဝန်များက ပူးပေါင်း၍ အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း တာဝန်ခံ ဦးကျော်တင်က ပြောသည်။

ထို့ပြင် လူနာများ လာရောက်ကုသမှုခံယူရာတွင် အဆင်ပြေစေရေးအတွက် ချင်းတွင်းအားမာန်လူမှုကူညီရေးအသင်းများ ကွန်ရက်အသင်းဥက္ကဋ္ဌ ဦးဌေးဝင်းက "လူနာတွေကို မုံရွာမြို့ သုခမ္မစာရီဗိမာန်နဲ့ မြို့မသတိပဋ္ဌာန်ကျောင်းမှာ တည်းခိုနေထိုင်ရေးအတွက် စီစဉ်ထားပါတယ်။ ဒါ့အပြင် ကျွန်တော်တို့က လူနာတွေကို ဆေးရုံသို့ ပို့ဆောင်ကုသပေးခြင်းနဲ့ တည်းခိုတဲ့နေရာကို ပြန်လည်ပို့ဆောင်ပေးခြင်း၊ ဆေးဝါးကုသမှုခံယူနေစဉ်အတွင်းမှာ နေထိုင်စားသောက်ရေးကို အကုန်လုံးတာဝန်ယူပေးသွားမှာပါ"ဟု ပြောသည်။

အဆိုပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး၊ အဖုအကျိတ်နှင့် မီးလောင်ဒဏ်ရာရလူနာများအား ဒုတိယအကြိမ် အခမဲ့ခွဲစိတ်ကုသပေးခြင်းကို ဖေဖော်ဝါရီလအတွင်း ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

ရန်ကုန်  ဇန်နဝါရီ  ၁၃
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ **မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ ပေါက်ကုန်းရပ်ကွက်နေ ကျော်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁-၂၀၂၀ ရက်နေ့တွင် ဖားကန့်မြို့၊ ပေါက်ကုန်းရပ်ကွက်နေ ကျော်ဦး(ခ) ကျော်ကျော်ဦး(၃၇)နှစ်၊ (ဘ)ဦးဖိုးကျော်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖားကန့်)မယ(ပ)၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ တပ်ကုန်းကျေးရွာနေ အောင်ခင်သည်မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ တပ်ကုန်းကျေးရွာနေ အောင်ခင်(၄၂)နှစ်၊ (ဘ)ဦးစံဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ညီဖြစ်သူ အောင်လင်း (၃၅)နှစ်၊ (ဘ)ဦးစံဝင်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဝန်းသို) မယ (ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်တိတ်ကျေးရွာနေ သိန်းဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ မော်တိတ်ကျေးရွာနေ သိန်းဝင်း(၄၅)နှစ်၊ (ဘ)ဦးသိန်းအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ကရသူရိမြို့နယ်၊ ဟန်ကပြုကျေးရွာနေ ဒေါ်စန်းသီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁-၂၀၂၀ ရက်နေ့တွင် ကရသူရိမြို့နယ်၊ ဟန်ကပြုကျေးရွာနေ ဒေါ်စန်းသီ(၄၂)နှစ်၊ (ဘ)ဦးထင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း)မယ (ပ)၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ မမိုးသူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁-၂၀၂၀ ရက်နေ့တွင် ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၌ ၎င်းရပ်ကွက်နေ မမိုးသူ(၃၀)နှစ်၊ (ဘ) ဦးကျင်ထွေးအား WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ) ၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ညောင်တီ(၂) လမ်းရှိ နှစ်ထပ်ဆောင်နေ အောင်ကိုကိုထက်(ခ) ကိုထက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ညောင်တီ(၂) လမ်းရှိ နှစ်ထပ်ဆောင်နေ အောင်ကိုကိုထက် (ခ)ကိုထက်(၂၁)နှစ်၊ (ဘ) ဦးမောင်ဇော်၏အခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ဆောင်တည်းနေ မောင်ရန်(ခ)ရွှေဝါ(၂၀)နှစ်၊ (ဘ)ဦးမျိုးမင်းသန်း၊ နိုင်လင်းထွန်း (ခ) အရှည်ကြီး(၂၂)နှစ်၊ (ဘ)ဦးသောင်းနိုင်ဦးတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ကျော်ဇေယျနှင့် ဇနီးမစန္ဒာဝင်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ကျော်ဇေယျ (ခ)ကျော်ဇေယျာထွန်း(၃၅)နှစ်၊ (ဘ)ဦးကျော်ဝင်းနှင့် ဇနီးမစန္ဒာဝင်း(၃၂) နှစ်၊ (ဘ) ဦးစံဝင်းတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့်၎င်းတို့ (၂)ဦးအား မမစ (ဒေါပုံ)မယ(ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်နေ မခိုင်ခိုင်နှင့် အာနိုးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်နေ မခိုင်ခိုင်(ခ) ခိုင်သဥ္ဇာ(၂၆)နှစ်၊(ဘ) ဦးထွန်းဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ တင်မောင်ထွန်း(၅၃)နှစ်၊ (ဘ)ဦးတင်ထွန်း၊ ၎င်းရပ်ကွက်နေ အာနိုး(ခ)ဇော်လတ်ထွန်း(၂၃)နှစ်၊ (ဘ)ဦးထွန်းဝင်းနှင့် ဇနီး ဆုရီထိုက်(ခ)ဆုရည်ထိုက်(၂၃)နှစ်၊ (ဘ)ဦးလှဝင်း၊ စိုးသူလွင် (၂၂)နှစ်၊ (ဘ)ဦးကျော်လွင်နှင့် သာကေတမြို့နယ်၊ (၂/မြောက်) ရပ်ကွက်နေ အောင်ထွဋ်ပိုင်(၂၃)နှစ်၊ (ဘ)ဦးမြဟန်တို့ (၆) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ)မယ (ပ) ၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊အမှတ် (၅) ရပ်ကွက်၌ မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၅) ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားရှိကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၀-၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်လမ်းမပေါ်၌ ၎င်းမြို့၊ အမှတ်(၁၀) ရပ်ကွက်နေအိုက်အိုင်း (၂၀)နှစ်၊ (ဘ)ဦးလှအောင်နှင့် လဆိုင်း(၃၂)နှစ်၊ (ဘ) ဦးဇော်လှတို့(၂)ဦးစီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လားရှိုး) မယ(ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်၊ နမ္မတူမြို့၊ ပန်ဟိုက်(၈) ရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ရောင်းချသူအများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၀)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၁) ဦး၊ မ(၁)ဦး၊ ပေါင်း(၁၂)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားရှိကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၀-၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်နေ မအေးခေါင်(၃၈)နှစ်၊ (ဘ) ဦးအောင်ဇေယျ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ (ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၁-၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၃၉)မှုဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၂၁၀)ဦး၊ မ(၂၄၁) ဦး၊ ပေါင်း(၁၄၅၁)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၃၈၉.၀၇၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၁၀.၇၆) ဂရမ်၊ ဘိန်းစာရွက်(၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၆၁၀၃၅)ပြား၊ ဆေးခြောက် (၁၀၃၁၀.၄၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉)လက်၊ ကျည်မျိုးစုံ (၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(မြန်အောင်မြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၃ ၊ ၁၄ )ရက် ၊ ( တနင်္လာ ၊ အင်္ဂါ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ပညာနေခြည်ခန်းမ ၊ အ.ထ.က(၂) ၊ မြန်အောင်မြို့။

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ညောင်တုန်းမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၁၅ ၊ ၁၆ )ရက် ၊ ( ဗုဒ္ဓဟူး ၊ ကြာသပတေး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
လှိုင်ပညာခန်းမ ၊ အ.ထ.က(၁) ၊ ညောင်တုန်းမြို့။

# သင်ယူမှုအခွင့်အလမ်းမြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

သင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးရှိသော သင်ယူမှု ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာဗျူဟာခန်းမ၌ ကျင်းပသည်။




**အကျိုးရလဒ်ကောင်းများရရှိနိုင်မည်**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်က နိုင်ငံတော်၏ မူဝါဒအရ နေပြည်တော်အား ပညာရေးကိုအခြေပြုသည့် နယ်မြေတစ်ခုဖြစ်လာရန် ရည်မှန်းချက်ထား ဆောင်ရွက်နေပါကြောင်း၊ နေပြည်တော်၏ တည်ဆောက်ပုံအရ ပညာရေးဖွံ့ဖြိုးရန် သင့်လျော်သည့်နယ်မြေဖြစ်သည့်အတွက် အနာဂတ်မြို့ပြစီမံကိန်းကို ချမှတ်ဆောင်ရွက်နေပါကြောင်း၊ နေပြည်တော်ရှိ နိုင်ငံတကာအသိအမှတ်ပြု အဆင့်မြင့်တက္ကသိုလ်များဖြစ်သော သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးတက္ကသိုလ်တို့အပြင် နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်ကြီးများ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် ညှိနှိုင်းဆွေးနွေးပွဲမှ အနာဂတ်တွင် အားကိုးရမည့် နိုင်ငံသားကောင်းမျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်မည့် အကျိုးရလဒ်ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းနေအရွယ်ကလေးများမူကြိုမှစ၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ တက္ကသိုလ်ပညာရေး၊ ဘဝတစ်သက်တာအတွက် အလုပ်လုပ်ရင်းသင်ယူသော ပညာရေးအထိ သင်ယူနိုင်ရန်အခွင့်အလမ်းသည် အရေးကြီးပါကြောင်း၊ သင်ယူမှုအခွင့်အလမ်းမြင့်မားရေးနှင့် အရည်အသွေးရှိသောသင်ယူမှု ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားသင်ယူမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အထက(၂)ပျဉ်းမနား၌ ကျင်းပသည့် ဆဋ္ဌမတန်းဆွေးနွေးပွဲသင်တန်းတွင် အကျယ်တဝင့် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

**မွမ်းမံသင်တန်းပေးခြင်းဆောင်ရွက်ပေး**

ဝန်ကြီးဌာနအနေဖြင့်၂၁ ရာစုပညာရေးစနစ်နှင့်အညီ ကျောင်းသုံးဖတ်စာအုပ်များ အသစ်ပြုစုခြင်း၊ သင်ကြားသင်ယူမှုနည်းလမ်းများ ကောင်းမွန်စေရေး ဆရာ ဆရာမများကို သင်တန်းပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေပေးခြင်း၊ ဆရာဖြစ်ပြုသင်ကြားမှုမှ သင်ယူသူဗဟိုပြုသင်ကြားသင်ယူလေ့ကျင့်ပေးသည့် ပရိဂျက်အခြေပြုသင်ယူရေး မွမ်းမံသင်တန်းပေးခြင်းတို့ကို ခွင့်ပြုဘဏ္ဍာငွေအရ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စာမေးပွဲဖြေရန် သင်ယူခြင်းထက် တစ်သက်တာသင်ယူနိုင်ရန်၊ အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ နက်နက်နဲနဲသင်ယူကာ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်အနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ အနာဂတ်သာယာလှပရေးအတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဝန်ကြီးဌာနနှင့် ပညာရေးမိသားစုများအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် အတွေ့အကြုံများကိုအခြေခံ၍ အားသာချက်များကို ပိုမိုအားကောင်းအောင် အားနည်းချက်များကိုပြန်လည်ဆွေးနွေးညှိနှိုင်းပြီး အားကောင်းအောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။**(ဝဲပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးကဏ္ဍ၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ စသည့်သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**

# (၄၈) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာညီလာခံဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

(၄၈) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။**(ယာပုံ)**

**အသိပညာများ မျှဝေရာနေရာဖြစ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနမှ နှစ်စဉ်ပြုလုပ်လျက်ရှိသောယခုညီလာခံကြီးသည် သုတေသနပညာရှင်များ၊ ဆေးပညာရှင်များ၊ စီမံခန့်ခွဲသူများအတွက် အတွေ့အကြုံနှင့် အသိပညာများ မျှဝေရာနေရာဖြစ်ကြောင်း၊ သုတေသနရလဒ်နှင့် တွေ့ရှိသုံးသပ်ချက်များသည် မူဝါဒ၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများအတွက် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနမှပြုလုပ်ထားသော သုတေသနများမှ တွေ့ရှိသုံးသပ်ချက်များနှင့် အကြံပြုချက်များကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်သုံးသပ်ကြရန် လိုအပ်ကြောင်း၊ သုတေသနရလဒ်နှင့် တွေ့ရှိသုံးသပ်ချက်များကို အမှန်တကယ်အသုံးချဆောင်ရွက်မှသာ သုတေသနပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အောင်မြင်မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနမှ အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် ခွင့်ပြုဘဏ္ဍာငွေကျပ် သန်း ၁၀၀၀၊ ၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှစက်တင်ဘာလအထိ ငွေကျပ်သန်း ၅၀၀ နှင့်၂၀၁၈ – ၂၀၁၉ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၅၀၀ ကို ခွင့်ပြုချထားပေးခဲ့ပြီး အဆိုပါဘဏ္ဍာငွေများကို အသုံးပြု၍ ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက်လုပ်ငန်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှု၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာစီမံခန့်ခွဲမှုစွမ်းဆောင်ရည်များ ပိုမိုတိုးတက်မြင့်မားစေရန်အတွက် လက်တွေ့အသုံးချသုတေသနများ အပါအဝင် သုတေသန စီမံချက် ၉၅၅ ခုကို လုပ်ဆောင်ခဲ့ပြီး၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀၀၀ ကို ထပ်မံခွင့်ပြုချထားပေးခဲ့ပါကြောင်း။

**သုတေသနစွမ်းဆောင်ရည်များ မြင့်မားရေးမြှင့်တင်**

ဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များတွင် သုတေသနကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှု ဘုတ်အဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများပြုလုပ်၍ သုတေသနများစနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနမှတ်ပုံတင်စနစ်ကို ဆောင်ရွက်ခဲ့ပြီး သုတေသနဆောင်ရွက်မှုအားနည်းလျက်ရှိသော အရေးကြီးကဏ္ဍများကို စိစစ်သုံးသပ်ပြီး ဦးစားပေးသုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးသုတေသန မူဝါဒ(၂၀၁၇) ကို ရေးဆွဲချမှတ်ခဲ့ပြီး အဆိုပါ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းမူဘောင်၊ လမ်းပြမြေပုံများနှင့် အစီအစဉ်များ ဆက်လက်ရေးဆွဲချမှတ်သွားမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်ဆေးပညာရှင်များကို သုတေသနစွမ်းဆောင်ရည်များ မြင့်မားရေးအားပေးမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနတွင် ဆောင်ရွက်ရန်လိုအပ်သည့် သုတေသနများကို အခန်းကဏ္ဍအလိုက်ပြုစု၍ သုတေသနခေါင်းစဉ်ဘဏ်တိုက်တစ်ခုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံနှင့်သင့်တော်သော သုတေသနကျင့်ဝတ်ပိုင်းဆိုင်ရာ၊ သုတေသနလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ဝေသွားရန် လိုအပ်ကြောင်း၊ ယခုညီလာခံကြီးတွင် သူနာပြုများ၊ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုပညာရှင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ ပိုမိုတက်ရောက်ပါဝင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုညီလာခံကြီးတွင် သုတေသနပိုစတာပေါင်း ၁၀၇ ခုနှင့် စာတမ်း ၃၄ စောင်တို့ကို ဖတ်ကြားဆွေးနွေးသွားကြမည်ဖြစ်ပြီး အရည်အသွေးမြင့်မားသည်ကို တွေ့ရှိရကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်အချိုးကျဆက်စပ်နေ၍ သုတေသန ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံတွင် ခင်းကျင်းပြသထားသည့် ကျန်းမာရေးဆိုင်ရာသုတေသန ပိုစတာများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ညီလာခံခန်းမ(၁)၌ ကျင်းပသည့်သုတေသနစာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။



**ဆုများရွေးချယ်ပေးအပ်သွားမည်**

(၄၈)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ “ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော ပဋိဇီဝဆေးယဉ်ပါးမှု အန္တရာယ် (antimicrobial resistance: a threat of global concern)” ဟူသော ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၇ ရက်အထိ ဂျပန်၊ နော်ဝေ၊ ကိုရီးယား၊ စင်ကာပူ၊ ဗြိတိန်၊ ဩစတြေးလျ၊ တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့မှ သုတေသီပညာရှင်များက သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားခြင်း၊ သုတေသနပိုစတာများပြသခြင်းနှင့် ဆွေးနွေးနှီးနှောဖလှယ်ခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ပြီး အကောင်းဆုံးအခြေခံသုတေသနစာတမ်း၊ အကောင်းဆုံး လက်တွေ့အသုံးချသုတေသနစာတမ်း၊ အကောင်းဆုံး လူမှုရေးနှင့်ကျန်းမာရေးသုတေသနစာတမ်း၊ အကောင်းဆုံး ပိုစတာနှင့် လူငယ်သုတေသီဆုများကို ရွေးချယ်ပေးအပ်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ဆေးတက္ကသိုလ်ငါးခုမှ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာနှင့်ဆရာမများ၊ အခြေခံကျန်းမာရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာရှင်များအဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးချုပ်နှင့် အမေရိကန်နိုင်ငံ ရောဂါနှိမ်နင်းရေးဗဟိုဌာနတို့၏ အင်တာနက်စာမျက်နှာများကို လေ့လာကြည့်ရှုပြီး ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော ပြည်သူ့ကျန်းမာရေးပြဿနာများနှင့် အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများထံ ဝေမျှပေးရန် လိုအပ်ကြောင်း၊ ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာသင်ရိုးညွှန်းတမ်း မွမ်းမံရေးဆွဲရန်၊ သင်ကြားသင်ယူမှုများ ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးဖော်ထုတ်ရန်နှင့် ပညာရပ်ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးအကြံပြုရန်တို့အတွက် နှီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာရှင်များအဖွဲ့၏ ဥက္ကဋ္ဌ ဆေးတက္ကသိုလ် (၁) ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာ စန်းစန်းဌေးက ဆေးတက္ကသိုလ်များရှိ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနများ၏ ဖွဲ့စည်းပုံ၊ လက်ရှိသင်ရိုးညွှန်းတမ်း၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ၎င်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးမှ ပညာရပ်ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် အကြံပြုချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

✪ ကျောဖုံးမှ

ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒ၊ NCA အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံလုပ်ငန်းစဉ်၊ ပြည်ထောင်စုသဘောတူစာချုပ်ပါ အခြေခံမူသဘောတူညီချက်များကို ကောင်းမွန်စွာသိရှိနားလည်မှသာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းသည့်အခါ၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်သည့်အခါများတွင် အစိုးရ၏ငြိမ်းချမ်းရေးမူဝါဒ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပြည်ထောင်စုသဘောတူစာချုပ်ပါ သဘောတူညီချက်များနှင့် လိုက်လျောညီထွေဖြစ်နေရန်နှင့် လိုက်ပါဖော်ဆောင်ရန် လိုအပ်ပါကြောင်း။

### အဓိကပတ်သက်

ထို့ကြောင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အစိုးရ၏ငြိမ်းချမ်းရေးမူဝါဒများ၊ လုပ်ငန်းစဉ်များကို သိရှိနားလည်ရန် ရည်ရွယ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အဓိကပတ်သက်ဆက်နွှယ်သည့် ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးများကို ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ပါကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ NCA၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် စောင့်ကြည့်ရေးလုပ်ငန်းစဉ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနှင့် ပြည်ထောင်စုသဘောတူစာချုပ် စသည့်အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ အကြောင်းအရာများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များက ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

### ချမှတ်နိုင်ရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူထမ်းဆောင်စကတည်းက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်လျှောက်လှမ်းရန် ကတိပြုခဲ့ပြီးဖြစ်ပါကြောင်း၊ အားလုံးသိကြသည့်အတိုင်း မိမိတို့နိုင်ငံ၏ နှစ်ပေါင်း (၇၀) ကျော်ကြာမြင့်ပြီဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့ပြီး အစိုးရအဆက်ဆက်ငြိမ်းချမ်းရေးကို ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ၏ဇာစ်မြစ်ဖြစ်သည့် နိုင်ငံရေးပြဿနာကို ဖြေရှင်းရန်အတွက် အားလုံးသဘောတူလက်ခံနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်ဖြစ်သည်ဆိုသည်ကို လက်ခံယုံကြည်ထားကြပါကြောင်း၊ စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မှရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရမည်ဆိုသည်ကိုလည်း အားလုံးက လက်ခံထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မဏ္ဍိုင်ပြုပြီး နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် သဘောတူညီချက်များ ချမှတ်နိုင်ရန်ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း။

### လမ်းညွှန်မှာကြား

အစိုးရအနေဖြင့် ရှေ့ဆက်လျှောက်လှမ်းမည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သုံးရပ်ကို ချမှတ်ထားပါကြောင်း၊ ယင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လေးနှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှာကြားထားပြီး ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မိမိအနေဖြင့် ထပ်လောင်းပြောကြားလိုပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ပထမဆုံးငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို မည်သို့ရှေ့ဆက်သွားမည်ဆိုသည့် ဘုံလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ NCA ကို အခြေခံပြီး ရှေ့ကို ဆက်လျှောက်လှမ်းရာတွင် အားလုံးသဘောတူချမှတ်သည့် လုပ်ငန်းစဉ်တစ်ရပ်ရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပထမအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းပြီး မူဘောင်သဘောတူညီချက်များ ရယူမည်ဖြစ်ကြောင်း၊ အဆိုပါမူဘောင်သဘောတူညီချက်များသည် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ်၏ ပထမပိုင်းဖြစ်လာမည် ဖြစ်ကြောင်း။

### အခြေခံမူသဘောတူညီချက်များ

ဒုတိယအနေဖြင့် လက်ရှိဖက်ဒရယ်ဆိုင်ရာအခြေခံမူ ၅၁ ချက် ရရှိပြီးဖြစ်သည့်အတွက် နောက်ထပ်အခြေခံမူများရရှိအောင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပါကြောင်း၊ နောက်ထပ်ရရှိလာမည့်အခြေခံမူများနှင့် လက်ရှိရရှိထားသည့် ၅၁ ချက်ကို စုပေါင်းပြီး အခြေခံမူသဘောတူညီချက်များ ရယူမည်ဖြစ်ပါကြောင်း၊ အဆိုပါအခြေခံမူသဘောတူညီချက်များသည် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ်တွင် ပါဝင်လာမည်ဖြစ်ပါကြောင်း။

တတိယအနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲအလွန် ဆက်လက်ဖော်ဆောင်မည့်အဆင့်လိုက်လုပ်ငန်းစဉ်များ၊ ဦးစားပေးအစီအစဉ်များကို ဘုံသဘောတူညီချက်အဖြစ်ရယူပြီး(၂၁) ရာစုပင်လုံစတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ်တွင် ထည့်သွင်းချုပ်ဆိုသွားမည် ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးဒုတိယလုပ်ငန်းစဉ်သည် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်လာရေးပင်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်အရှိန်မြှင့်လုပ်ဆောင်ပြီး ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းသည့် အခြေအနေတစ်ရပ်ကို တည်ဆောက်နိုင်ရန်၊ နိုင်ငံရေးစားပွဲဝိုင်းတွင် ပါဝင်နိုင်ရန်၊ NCA ထီးရိပ်အောက်တွင် ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်လာရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### အဓိကရရှိခံစားကြရ

ရှေ့ဆက်သွားမည့် ငြိမ်းချမ်းရေးတတိယလုပ်ငန်းစဉ်သည် ငြိမ်းချမ်းရေး၏အသီးအပွင့်များကို လူထုရရှိခံစားနိုင်ရေးပင် ဖြစ်ပါကြောင်း၊ မငြိမ်းချမ်းသည့်ဒေသများတွင် ပဋိပက္ခဒဏ်ကို အဓိကရရှိခံစားကြရသူများသည် အောက်ခြေက ပြည်သူလူထုပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူလူထုအတွက် အခြေခံအဆောက်အဦ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသူများကလည်း နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန်၊ ယခုအလုပ်ရုံဆွေးနွေးပွဲက သိမြင်ရရှိလာမည့် အတွေ့အကြုံများ၊ နိုင်ငံတော်၏ငြိမ်းချမ်းရေးမူဝါဒများနှင့် လိုက်လျောညီထွေဖြစ်အောင် မိမိတို့ဌာန၊ အဖွဲ့အစည်းအတွင်း လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ တပ်မတော်အစိုးရလက်ထက် ငြိမ်းချမ်းရေးကြိုးပမ်းမှု၊ သမ္မတ ဦးသိန်းစိန်အစိုးရကာလ ငြိမ်းချမ်းရေးကြိုးပမ်းမှု၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်၊ လက်ရှိကာလ ငြိမ်းချမ်းရေးဆောင်ရွက်နေမှုအခြေအနေ၊ မြေပြင်အနေအထား၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက ငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးစတင်ဖိတ်ခေါ်သည့်နေ့မှစ၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ရရှိသည်အထိ ဆောင်ရွက်ခဲ့ရသည့်လုပ်ငန်းစဉ်များနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး ဌာနအလိုက် လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက အကြံပြုချက်များ ဆွေးနွေးခြင်းနှင့် သဘောထားစုစည်းချက်များ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်အထိ နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ

မီတာ ၃၀၀၀ တားစည်းကျော် (အမျိုးသား၊ အမျိုးသမီး)၊ တန်းမြင့်ခုန် (အမျိုးသား-၁၀ မျိုးစုံ)၊ လှံတံပစ်(အမျိုးသား)၊ မီတာ ၁၀၀၀၀ (အမျိုးသမီး)၊ မီတာ ၄၀၀ (အမျိုးသား-၁၀ မျိုးစုံ)၊ မီတာ ၄၀၀ (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲကို ကျင်းပရာ အမျိုးသမီး မီတာ (၁၀၀ x ၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယ စစ်ကိုင်းတိုင်းဒေသကြီး၊ တတိယ ကယားပြည်နယ်မှ လည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယ စစ်ကိုင်းတိုင်းဒေသကြီး၊ တတိယ ပဲခူးတိုင်းဒေသကြီး အသင်းတို့အား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ပထမ ချစ်သွေးညီ (စစ်ကိုင်း)၊ ဒုတိယ အောင်ကျော်မင်း (ဧရာဝတီ)၊ တတိယ ဆန်းမင်းအောင် (ပဲခူး)က လည်းကောင်း၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် ပထမ နှင်းထက်ထက်လှိုင် (တနင်္သာရီ)၊ ဒုတိယ ဖရန်စစ္စတာ (တနင်္သာရီ)၊ တတိယ သက်သက်မွန် (မကွေး)၊ အမျိုးသားမီတာ ၃၀၀၀ တားစည်းကျော် ပြိုင်ပွဲတွင် ပထမ မင်းသန့်မောင်မောင် (ရှမ်း)၊ ဒုတိယ စဇော်ထက် (စစ်ကိုင်း)၊ တတိယ ဇင်မင်းထွန်း (စစ်ကိုင်း)၊ အမျိုးသမီး မီတာ ၃၀၀၀ တားစည်းကျော် ပြိုင်ပွဲတွင် ပထမ သီတာဦး (မန္တလေး)၊ ဒုတိယ အေးအေးမြို့ (မန္တလေး)၊ တတိယ မိုးမိုးလှိုင် (ဧရာဝတီ)တို့ကလည်းကောင်း၊ အမျိုးသားလှံတံပစ် ပြိုင်ပွဲ မီတာ ၁၀၀၀၀ (အမျိုးသမီး)၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။



အမျိုးသမီး မီတာ ၃၀၀၀ တားစည်းကျော် ပြိုင်ပွဲ တွင် ၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးမှ ကြည်ပြာထွေး တင်ထားသော စံချိန် (၁၂:၁၅.၄၀) မိနစ်အား သီတာဦး မန္တလေးတိုင်းဒေသကြီး စံချိန် (၁၁:၄၂.၂၅)မိနစ်၊ အေးအေးမြို့ မန္တလေးတိုင်းဒေသကြီး စံချိန် (၁၁:၅၄.၁၈) မိနစ်ဖြင့် အသီးသီး စံချိန်သစ်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ အမျိုးသားကစားသမား ၂၁၇ ဦး၊ အမျိုးသမီးကစားသမား ၁၅၄ ဦး စုစုပေါင်း အားကစားသမား ၃၇၁ ဦးတို့က ဇန်နဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် နေ့စဉ် မွန်းလွဲ ၃ နာရီခွဲမှစတင်ပြီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပါသဖြင့် ပြေးခုန်ပစ်အားကစားနည်းကို စိတ်ပါဝင်စားသော အားကစားဝါသနာရှင် မိဘပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**အား/ကာ**

---

## အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ပထမအဆင့်ပွဲစဉ်များ ယနေ့ စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၂၀ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ပထမအဆင့်ပွဲစဉ်များကို ဇုန်နှစ်ခုခွဲ၍ ဇန်နဝါရီ ၁၄ ရက်တွင် စတင်ကျင်းပမည် ဖြစ်သည်။

### ပါဝင်ယှဉ်ပြိုင်

အာရှဘောလုံးအဖွဲ့ချုပ်သည် ဖေဖော်ဝါရီလတွင် စတင်မည့် နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရရန် ခြေစစ်ပွဲများ သုံးဆင့်ခွဲ၍ ကျင်းပခြင်းဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အကြိုခြေစစ်ပွဲ ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်ကာ အရှေ့အာရှဇုန်တွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အရှေ့အာရှဇုန် ပထမအဆင့်တွင် စုစုပေါင်းနှစ်ပွဲ ပါဝင်မည်ဖြစ်ပြီး အနိုင်ရသည့်နှစ်သင်းက ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ရမည့် အသင်းခြောက်သင်းနှင့် ထပ်မံယှဉ်ပြိုင်ရမည်။ အနိုင်ရသည့်လေးသင်းမှာ နောက်ဆုံးအဆင့် ခြေစစ်ပွဲ Play-off တွင် ကြိုတင်စောင့်ဆိုင်းနေသည့် အသင်းလေးသင်းနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရသည့်လေးသင်းမှာ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

### အရှေ့အာရှဇုန် ပထမအဆင့်

အရှေ့အာရှဇုန် ပထမအဆင့်တွင် ဆီရက်စ် (ဖိလစ်ပိုင်) နှင့် ရှမ်းယူနိုက်တက် (မြန်မာ)၊ တမ်ပနိစ်ရိုဗာ (စင်ကာပူ) နှင့် ဘာလီယူနိုက်တက် (အင်ဒိုနီးရှား) တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီရက်စ်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ပွဲစဉ်ကို ဇန်နဝါရီ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မနီလာမြို့ရှိ ရီဇယ်အမှတ်တရကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် ဆီရက်စ်အသင်းတို့သည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ၂၀၁၈ ပြိုင်ပွဲတွင် ပထမအကြိမ်တွေ့ဆုံစဉ်က ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ပင်နယ်တီအဆုံးအဖြတ်ဖြင့် အရေးနိမ့်ခဲ့သည်။

**ရှိုင်းထက်ဇော်**

# ပြင်ဦးလွင်မြို့၌ ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ



ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**ပြင်ဦးလွင် ဇန်နဝါရီ ၁၃**

ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ အထက(၁)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျောင်းရှေ့မုခ်ဦး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲမှုကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးထင်ကျော်နှင့် လူရည်ချွန်ကျောင်းသူ မနန်းသီရိနွယ်၊ မယဉ်မင်းကျော်၊ မလင်းလတ်ခင်တို့က ကျောင်းသား ကျောင်းသူများနှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲဖွင့်ပွဲ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အထက(၁) ရွှေဝတီခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော် Theme Song သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်များကို ရည်ရွယ်ချက် သုံးရပ်ဖြင့် ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ ပွဲတော်ဖြစ်သည်နှင့်အညီ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နှင့် ပျော်ရွှင်ဖွယ်ဖြစ်စေရန် အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ထားပါကြောင်း၊ ပျော်ရွှင်မှုတွင်လည်း ရေရှည်အကျိုးရှိမည့် ကလေးများအသိပညာတိုးပွားစေရန်၊ စာအုပ်စာပေများနှင့်တွဲဖက်၍ ပျော်ရွှင်မှုဖြစ်စေရန်အတွက် စာပေနှင့်နီးနွယ်သည့် ကဗျာရွတ်ခြင်း၊ ပုံပြောခြင်း စသည့် အစီအစဉ်များအပြင် စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားမှုကြောင့် ပွဲတော်များမတစ်ဆင့် ကလေးများ စာဖတ်ဝါသနာများ ရရှိသွားနိုင်ပါကြောင်း၊ စာပေနှင့် ဆက်စပ်ပတ်သက်သည့် ပတ်ဝန်းကျင်တွင် ပျော်ရွှင်သည့်ပွဲတော်တစ်ခုဖြစ်ရန် ဖန်တီးထားခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် အများစုပေါင်းလုပ်ဆောင်ရသည့် လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ပြီး ကျေနပ်အားရပျော်ရွှင်မှုစိတ်ဓာတ်ကို ငယ်ရွယ်စဉ်ကတည်းက ရရှိသွားစေရန်လည်း ရည်ရွယ်ပါကြောင်း။

### တည်ဆောက်နိုင်မည်

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားများ စည်းလုံးညီညွတ်စေရန်နှင့် ငြိမ်းချမ်းသာယာမှုရှိစေရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ပြင်ဦးလွင် ပန်းမြို့တော်တွင် အရောင်အသွေးစုံလင်လှပစွာ စုစည်းခင်းကျင်းပြသထားသည့် ပန်းပွဲတော်ကြီးကို ကြည်နူးစွာမြင်တွေ့ရသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း တိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ရှိမည်ဆိုပါက သာယာဝပြောသောနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အများနှင့်အတူတကွတွဲဖက်၍ လုပ်ဆောင်တတ်သည့်စိတ်ဓာတ်များ ငယ်ရွယ်စဉ်ကတည်းက ကိန်းအောင်းသွားစေရန် လိုအပ်သည်ဟု မြင်ပါကြောင်း။

ကလေးစာပေပွဲတော်များကို ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ဖြင့်သာ လုပ်ဆောင်၍မရဘဲ သက်ဆိုင်ရာနေရာဒေသများရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရသည့်အပြင် သက်ဆိုင်ရာ မြို့မိမြို့ဖများ ပူးပေါင်းပါဝင်ပံ့ပိုးမှုများဖြင့် စုပေါင်း၍ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ဖြစ်စေရန် စီစဉ်ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ ယခု ပြင်ဦးလွင်မြို့၌ ကျင်းပသည့် ကလေးစာပေပွဲတော်တွင် မြို့မိမြို့ဖများအပြင် ကျောင်းသားဟောင်းများလည်း စိတ်အားထက်သန်စွာဖြင့် ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့မြင်ရသဖြင့် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ ပွဲတော်များ ကျင်းပနိုင်မှုကြောင့် လူတော်လူကောင်းများဖြစ်လာပြီး ၎င်းတို့ကြီးပြင်းလာသည့်အခါ နိုင်ငံတော်အတွက် ကောင်းကျိုးများကို သယ်ပိုးဆောင်ရွက်လာကြမည်ဖြစ်ပါကြောင်း။

### စီစဉ်ကျင်းပပေးလျက်ရှိ

နိုင်ငံသားကောင်း အများအပြားရှိပါက တိုင်းပြည်အင်အားရှိမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ ကလေးငယ်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကလေးစာပေပွဲတော်များအပြင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များလည်း စီစဉ်ကျင်းပပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ကလေးစာပေပွဲတော်များ ကျင်းပခြင်းသည် အနာဂတ်နိုင်ငံတော်ကြီး တောင့်တင်းခိုင်မာပြီး အင်အားရှိသော တိုင်းပြည်ဖြစ်စေရန် ရည်ရွယ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ပြီး ပျော်ရွှင်မှုရရှိစေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ထိုကဲ့သို့ အစဉ်အလာကောင်းများ ဖြစ်လာစေရန် ထူထောင်ပေးနိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ကလေးစာပေပွဲတော်များ ကျင်းပခြင်းရည်ရွယ်ချက် သုံးရပ်ကို ကောင်းမွန်သည့် အစဉ်အလာအဖြစ် စုပေါင်းလက်တွဲ၍ ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုပါက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် စွမ်းအားတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ကလေးစာပေပွဲတော်များမှတစ်ဆင့် အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုထိုက်သော၊ စွမ်းအားရှိသော လူသားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

### ကိုက်ညီမှုရှိ

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ယခုကျင်းပနေသည့် ကလေးစာပေပွဲတော်များ၏ ရည်ရွယ်ချက်သည် လက်ရှိပညာရေးစနစ်သစ်၏ သင်ရိုးသစ်ပါ သင်ခန်းစာများနှင့်လည်း ကိုက်ညီမှုရှိနေပါကြောင်း၊ ပညာရေးစနစ်သစ်တွင် ပူးပေါင်းလုပ်ဆောင်တတ်မှု၊ တီထွင်ကြံဆမှုများကို စာသင်ခန်းများအတွင်းမှာပင် ပျော်ရွှင်စွာဖြင့် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များသည် ပညာရေးစနစ်သစ်အတွက် ရင်နှီးမြှုပ်နှံမှုတစ်ခုဟု ဆိုနိုင်ပါကြောင်း၊ ထို့ကြောင့် ကလေးစာပေပွဲတော်များ ဖြစ်မြောက်ရေး ဦးဆောင်ကျင်းပပေးသည့် ပြန်ကြားရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နောင်ခမ်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ပန်းကမ္ဘာမျှော်စင် သီချင်းဖြင့်လည်းကောင်း၊ ဟိန်းထက်လျှံကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စည်းလုံးစိုလေ သွေးချင်းတို့မြေ သီချင်းဖြင့်လည်းကောင်း၊ အလက(၁)/အထက(ခွဲ)မှ ကျောင်းသား ကျောင်းသူများက ရှမ်းရိုးမက အိုးစည်သံသီချင်းဖြင့်လည်းကောင်း၊ ရွှေစာဝိုင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက နာဂတို့ရဲ့အိုးလေးသီချင်းဖြင့်လည်းကောင်း၊ စနိုးကွင်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဦးရွှေရိုးနှင့် ဒေါ်မိုးသီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။

### လှည့်လည်ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်အတွင်း ကျင်းပလျက်ရှိသည့် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကချင်၊ ချင်း၊ ရှမ်းနှင့် လီဆူတိုင်းရင်းသားဘာသာစကားများ ပါဝင်ကျင်းပသည့် ကဗျာပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် စုပေါင်းအားကစားပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ ဌာနဆိုင်ရာပြခန်းများနှင့် ရတနာပုံဆိုက်ဘာစီးတီးတက္ကသိုလ်ဆိုင်ရာပြခန်း၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများပြခန်း၊ အသင်းအဖွဲ့ဆိုင်ရာ ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ၊ စတုဒိသာကျွေးမွေးမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံတော်အဆင့်၊ ခရိုင်အဆင့်နှင့် ဒေသအစီအစဉ်တို့ဖြင့် ကျင်းပခဲ့ရာ ယနေ့အထိ နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော် (၉)ကြိမ်နှင့် ခရိုင်အဆင့် ကလေးစာပေပွဲတော် (၄၅)ကြိမ်၊ ဒေသအစီအစဉ်ဖြင့် ကလေးစာပေပွဲတော် (၃၁)ကြိမ် စုစုပေါင်း (၈၅)ကြိမ် ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးစိုက်သည့် မြို့ကြီးများဖြစ်သည့် လွိုင်ကော်၊ ဘားအံနှင့် ထားဝယ်မြို့တို့တွင် ကျင်းပနိုင်ရန်နှင့် ခရိုင်အဆင့် ကလေးစာပေပွဲတော်များကို ဖာပွန်၊ ဂန့်ဂေါနှင့် ဖားကန့်မြို့များတွင် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဒေသအစီအစဉ်ဖြင့် ကလေးစာပေပွဲတော်များကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ၎င်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ ခုတွင် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၁၆ မြို့နယ်တွင် ကျင်းပပြီးစီးခဲ့ပြီး မြန်အောင်၊ ညောင်တုန်း၊ ရေကြည်၊ ကြံခင်း၊ ဘိုကလေး၊ ငပုတော၊ ဟင်္သာတ၊ မအူပင်၊ ကန်ကြီးထောင့်နှင့် ဖျာပုံမြို့တို့တွင် ကျင်းပရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# ပြင်ဦးလွင်မြို့ ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲမြင်ကွင်း




ကလေးစာပေပွဲတော်၌ ကလေးငယ်များ၏ ကပြဖျော်ဖြေမှုကို လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိစဉ်။




ကလေးငယ်များ လက်မှုပညာကို လက်တွေ့ပြသနေစဉ်။



ကလေးငယ်များ ဆေးရောင်ခြယ်ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။



ကလေးစာပေပွဲတော်တွင် စာအုပ်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။



ကလေးငယ်များ အဝေးထိန်းလေယာဉ်ငယ်ကို စိတ်ဝင်တစားလေ့လာကြည့်ရှုကြစဉ်။



ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော် Theme Song သီဆို၍ အခမ်းအနားကို ဖွင့်လှစ်စဉ်။



ကလေးငယ်များ သိပ္ပံပညာရပ်ကို စူးစမ်းလေ့လာကြစဉ်။

# ပြင်ဦးလွင် ကလေးစာပေပွဲတော်တွင် ပါဝင်ဆင်နွှဲသူများ၏ ရင်တွင်းစကားသံများ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်က စတင်ကျင်းပရာ ပွဲတော်သို့ လာရောက်လည်ပတ်ပါဝင်ဆင်နွှဲသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်-

**တွေ့ဆုံမေးမြန်း - ချမ်းသာ(မိတ္ထီလာ )**
**ဓာတ်ပုံ - ကိုနေ(ကျောက်ပန်းတောင်း )**


ဦးအောင်မင်း


ဦးထင်ကျော်


ဒေါ်တင်တင်ထွေး


ဒေါ်စုစုဝင်း


ဒေါ်ညိုညိုသန်း


မယွန်းနဒီလင်း

**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း**
**နာယက၊ ကလေးစာပေပွဲတော် ကျင်းပရေးကော်မတီ**

ပြင်ဦးလွင်ကလေးစာပေပွဲတော်ကြီး အခုလို စည်စည်ကားကား သိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် အစည်းအဝေးတွေ အကြိမ်ကြိမ်လုပ်ခဲ့ရပါတယ်။ ကျောင်းသား ကျောင်းသူတွေ၊ ကျောင်းသားမိဘတွေ၊ ဆရာ ဆရာမတွေ၊ မြို့မိမြို့ဖတွေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်ကြလို့ အခုလို အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။ ပြင်ဦးလွင်ကလေးစာပေပွဲတော် အခုလို အောင်မြင်စည်ကားသိုက်မြိုက်တာကိုကြည့်ပြီး ကျွန်တော့်လိုပဲ ပါဝင်ဆောင်ရွက်သူတွေအားလုံး ပီတိဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးထင်ကျော်**
**ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး**

ပြင်ဦးလွင်ကလေးစာပေပွဲတော် ဒီနေ့လို အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ရော သက်ဆိုင်ရာဌာနတွေ၊ တာဝန်ရှိသူတွေ၊ မြို့မိမြို့ဖတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွအနေနဲ့ရော အားလုံးပါဝင်တဲ့ အစည်းအဝေးတွေ အကြိမ်ကြိမ်ပြုလုပ်ပြီး ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြတာပါ။ နိုင်ငံတော်ရဲ့ အနာဂတ်မျိုးဆက်သစ်ကလေးငယ်တွေ၊ နိုင်ငံတော်က အားထားရတဲ့ လူတော်လူကောင်းကလေးငယ်တွေ ပေါ်ထွက်လာစေဖို့၊ ကလေးငယ်တွေအသိပညာဗဟုသုတတွေရရှိစေဖို့ စတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ကလေးစာပေပွဲတော်ကို ကျင်းပတာဖြစ်တာကြောင့် အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဆက်လက်ပြီး ဒီနေ့အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့ ကလေးစာပေပွဲတော်ရဲ့ နမူနာအခြေခံကောင်းတွေကိုယူပြီး ပြင်ဦးလွင်ခရိုင်အတွင်းမှာရှိတဲ့ အခြားမြို့နယ်တွေမှာလည်း ကျင်းပနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဦးမှာ ဖြစ်ပါတယ်။

**ဒေါ်တင်တင်ထွေး**
**ပြင်ဦးလွင် ခရိုင်ပြန်/ဆက် ဦးစီးမှူး**

ပြင်ဦးလွင် ကလေးစာပေပွဲတော်ရဲ့ထူးခြားချက်ကတော့ RC လေယာဉ်ပြခန်းကို ထည့်သွင်းပြသပြီး RC လေယာဉ်တွေကို လက်တွေ့ပျံသန်းပြသတာဖြစ်ပါတယ်။ ကလေးစာပေပွဲတော်မှာ အသိပညာပေးပြခန်းပေါင်း ၂၆ ခန်းကို စနစ်တကျ ခင်းကျင်းပြသထားပြီး ပြင်ဦးလွင်၊ မန္တလေး၊ ရန်ကုန်မြို့တွေက စာအုပ်ဆိုင်ပေါင်း ၅၀ ကျော် ဖွင့်လှစ်ကာ ဈေးနှုန်းချိုသာစွာ ရောင်းချပေးပါတယ်။ ကလေးများအတွက် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပြိုင်ပွဲမျိုးစုံနဲ့ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကိုလည်း စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပပေးထားပါတယ်။

**ဒေါ်စုစုဝင်း**
**ကျောင်းအုပ်၊ အမှတ်(၁)အထက**

ကလေးစာပေပွဲတော်ကျင်းပတာနဲ့ပတ်သက်ပြီး ပူးပေါင်းပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကလေးစာပေပွဲတော် ကျင်းပပေးတဲ့အတွက် ကလေးတွေမှာ စာဖတ်ချင်စိတ်တွေဖြစ်ပေါ်လာမယ်။ စာအုပ်လေးတွေမြင်ပြီးတော့ ဝယ်ဖတ်ပြီးတော့ ဗဟုသုတတွေအများကြီးရနိုင်တယ်။ ကလေးစာပေပွဲတော်မှာ ထည့်သွင်းကျင်းပတဲ့ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ စတဲ့ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခြင်းကြောင့် ကလေးတွေမှာ ကောင်းတဲ့ဘက်မှာ ယှဉ်ပြိုင်ချင်စိတ်တွေဖြစ်ပေါ်လာပြီး သူတို့ရဲ့စိတ်ဓာတ်တွေကို မြှင့်တင်ပေးရာရောက်ပါတယ်။

**ဒေါ်ညိုညိုသန်း**
**ကလေးမိဘ၊ ကြီးကိုင်ကျေးရွာ**

ပြင်ဦးလွင်မှာ ပထမဆုံးအကြိမ်ကျင်းပတဲ့အတွက် ကျွန်မကိုယ်တိုင်လည်း လာချင်ပါတယ်။ ကလေးစာပေပွဲတော်မှာ ထည့်သွင်းကျင်းပတဲ့ ပြပွဲတွေ၊ ပြိုင်ပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေကို အိမ်က ကလေးတွေကို မြင်ဖူး၊ တွေ့ဖူးစေချင်လို့ ပြသချင်တာကြောင့် အခုလို လာရောက်တာဖြစ်ပါတယ်။ အခုလို ကျင်းပပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ နောက်နောင်လည်း အခုလို ကလေးစာပေပွဲတော်တွေ ပြင်ဦးလွင်မှာ ဆက်လက်ကျင်းပပေးစေချင်ပါတယ်။

**မယွန်းနဒီလင်း**
**တတိယတန်းကျောင်းသူ**

သမီးက ကလေးစာပေပွဲတော် ကဗျာရွတ်ပြိုင်ပွဲမှာ ဆရာကြီးမင်းသုဝဏ်ရေးသားတဲ့ သပြေညို ဆိုတဲ့ကဗျာလေးနဲ့ ပါဝင်ယှဉ်ပြိုင်ဆင်နွှဲခဲ့ပါတယ်။ ကလေးစာပေပွဲတော်မှာ သမီးတို့လို ကလေးငယ်တွေအတွက် ပျော်ပွဲရွှင်ပွဲတွေ၊ ပြိုင်ပွဲတွေနဲ့ ဗဟုသုတရစရာတွေအများကြီးကြုံတွေ့ရလို့ ကလေးစာပေပွဲတော်ကို နှစ်တိုင်းကျင်းပပေးစေချင်ပါတယ်။


ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် လာရောက်လေ့လာသူများ၊ စာပေချစ်မြတ်နိုးသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## လသာမြို့နယ်၌ တရုတ်ရိုးရာ ခြင်္သေ့နဂါးအကအလှစွမ်းရည်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

မကြာမီရောက်ရှိမည့် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ခြင်္သေ့နဂါးအကအဖွဲ့ချုပ်ကကြီးမှူး၍ (၁၅) ကြိမ်မြောက် တရုတ်ရိုးရာ ခြင်္သေ့နဂါးအကအလှစွမ်းရည်ပြိုင်ပွဲကို လသာမြို့နယ် စဉ့်အိုးတန်းလမ်း(အထက်လမ်း)တွင် ပြုလုပ်မည်ဖြစ်သည်။

ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ပြုလုပ်မည့် ခြင်္သေ့အကအလှစွမ်းရည်ပြိုင်ပွဲတွင် ဆန်ခါတင် ၁၀ သင်းကို ရွေးချယ်မည်ဖြစ်သည်။ ဇန်နဝါရီ ၂၉ ရက် နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ဆန်ခါတင် ရွေးချယ်ထားသည့် ၁၀ သင်းနှင့် ယမန်နှစ်ချန်ပီယံ အနိုင်ရရှိထားသည့်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ လာရောက်ယှဉ်ပြိုင်သည့် နှစ်သင်းစီလည်း နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သည့်အသင်းများကို ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရွေးချယ်ပေးအပ်ပြီး ကျန်အသင်းများကိုလည်း ဆုများပေးအပ်မည်ဖြစ်သည်။

တရုတ်ရိုးရာနဂါးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူ**

## မြန်မာနိုင်ငံ၏ပထမဦးဆုံး အသေးစား၊ အလတ်စား ထုတ်ကုန်ပြပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ၏ ပထမဦးဆုံး အသေးစား၊ အလတ်စားထုတ်ကုန်ပြပွဲ (MSME Expo 2020) ကို ယခု ဇန်နဝါရီလကုန်ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Fortune Palaza တွင် ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ အသေးစား၊ အလတ်စား ထုတ်ကုန်ပြပွဲတွင် ပြည်တွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံမှ One Tambon One Product (OTOP) လုပ်ငန်းရှင်များ၊ အခြားသော အာဆီယံနိုင်ငံအချို့မှ SME လုပ်ငန်းရှင်များနှင့် အာရှနိုင်ငံအချို့မှ လုပ်ငန်းရှင်များက ပြခန်းပေါင်း ၂၄၀ ကျော်ဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့ သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Fortune Palaza တွင် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ (နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ) သုံးရက်ကြာ ပြသသွားမည်ဖြစ်သော အဆိုပါပြပွဲတွင် ပြည်တွင်းထုတ်ကုန်ပြခန်းများ၊ မော်တော်ကားပြခန်း၊ စားသောက်ကုန်၊ ကုန်ထုတ်လုပ်မှု၊ ပယင်းနှင့် ပညာရေးဆိုင်ရာ ပြခန်းတို့အပြင် ကမ္ဘာတစ်ဝန်းရှိ SME လုပ်ငန်းများနှင့် မြန်မာနိုင်ငံ၏ SME လုပ်ငန်းများနှင့် ဆက်နွှယ်သည့် ဆွေးနွေးဟောပြောမှုများ၊ Talk Show များ ပြသသွားမည်ဖြစ်ကာ တေးသံရှင်များ၏ ဖျော်ဖြေမှုနှင့် ကလေးများ ကစားနိုင်သည့် နေရာများပါ စီစဉ်ထားကြောင်း သိရသည်။

**ကိုထက်**

❒


မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျန်းတန်းရပ်ကွက် ဆားချက်ရပ် သုံးပန်လှနတ်နန်းအတွင်း၌ ဇန်နဝါရီ ၁၁ ရက်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ကျန်းတန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်စဉ်။

ကြေးမုံ

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့အတွက် ငွေပဒေသာပင်အလှူတော်ငွေ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၃**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) တို့အတွက် ငွေပဒေသာပင်အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

**သြဝါဒကထာမြွက်ကြား**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင်ဓမ္မပါလတောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဝိသုဒ္ဓက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ သြဝါဒကထာမြွက်ကြားရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ပရိသတ်တို့က နာယူကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နဂါးရစ်တောင်ဓမ္မပါလတောရကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးကိုယ်စား တပည့်ဒါယကာ ဦးဝင်းနိုင်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့အတွက် ငွေပဒေသာပင်အလှူတော်ငွေကျပ် သိန်း ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးကြည်မင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်လျှောက်ထားသည်။

**သတင်းစဉ်**



# ဂျပန်နိုင်ငံရိုက်ကူးရေးအဖွဲ့ ပုဂံဒေသရှိ ရှုခင်းများနှင့် ယဉ်ကျေးမှုလက်ရာများ ဓာတ်ပုံမှတ်တမ်းရိုက်ကူး



စူဠာမဏိစေတီအနီးဝန်းကျင်တွင် အဆိုတော် Ms. Millet Takayama ပိုစတာရိုက်ကူးစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၃**

ဂျပန်နိုင်ငံမှ အဆိုတော် Ms. Millet Takayama နှင့် ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စူဠာမဏိစေတီ၊ ဓမ္မရံကြီးဘုရား၊ မင်းနန်သူကုန်းနှင့် လေးမျက်နှာဘုရားတို့တွင် နေထွက်ချိန်အလှ၊ မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့် ပတ်ဝန်းကျင်ရှုခင်းအလှများအား ရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က သရပါတံခါးနှင့် ပတ်ဝန်းကျင်ရှုခင်းများ၊ မြင်းကပါကျေးရွာအနီးရှိ စေတီငယ်များ၊ ဧရာဝတီမြစ်ကမ်းရှိ ကျောက်မျက်မော်စေတီတို့တွင် နေဝင်ချိန်အလှနှင့် ဧရာဝတီမြစ်ရှုခင်းများကို ရိုက်ကူးခဲ့ကြောင်း သိရသည်။

ထိုသို့ ရိုက်ကူးထားရှိမှုများကို ဂျပန်နိုင်ငံမှ အဆိုတော် Ms. Millet Takayama ၏ အယ်လ်ဘမ်အသစ်ပြုလုပ်ရာတွင် CD Cover နှင့် ပိုစတာတို့တွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စန်း (FDC)**

## သတင်းစုံကဏ္ဍ

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ ကျင်းပမည်

(၁၈)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်တွင် ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဒုတိယအကြိမ် မြန်မာဂရပ်ဖစ်ဒီဇိုင်းပြပွဲ ကျင်းပမည်

ဒုတိယအကြိမ် မြန်မာဂရပ်ဖစ်ဒီဇိုင်းပြပွဲကို မန္တလေးမြို့ ၈၄ လမ်းနှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမတွင် ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

### ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပြပွဲ ကျင်းပမည်

နိုင်ငံတကာဆေးရုံကြီးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။







PUN HLAING SILOAM HOSPITALS

"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"

စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်

Only JCI Accredited Hospital In Myanmar

နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော
နိုင်ငံတကာအတွေ့အကြုံရှိ စင်ကာပူနိုင်ငံမှ နှလုံးသွေးကြောကျဉ်းရောဂါ အထူးကုဆရာဝန်ကြီး
Dr Jayaram Lingamanaicker သည် ပန်းလှိုင်စီလုံဆေးရုံသို့
လာရောက်ကုသပေးနေပြီ ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ဇန်နဝါရီလ (၂၄)ရက် မှ (၂၆)ရက်နေ့အထိ



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၀၇

facebook Pun Hlaing Siloam Hospitals

## နျူကလီးယားသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အီရန်အား ဗြိတိန်၊ ဂျာမနီနှင့် ပြင်သစ်တို့က ဖိအားပေးလျက်ရှိ



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**လန်ဒန် ဇန်နဝါရီ ၁၃**

ဗြိတိန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့်ပြင်သစ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များသည် အီရန်အား ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အပြည့်အဝလိုက်နာရေး ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပူးတွဲကြေညာချက်တစ်ရပ်ကို ဇန်နဝါရီ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ်နျူကလီးယားသဘောတူစာချုပ်မှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်နိုင်ငံနုတ်ထွက်သွားခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့် အီရန်အပေါ် နောက်ထပ်ပြုလုပ်လာမည့် စီးပွားရေးပိတ်ဆို့မှုများ၏ အကျိုးဆက်များနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ကြောင်း ဖော်ပြထားသည်။

**အပြည့်အဝပြန်လည်လိုက်နာရန် တောင်းဆို**

ယင်းကြေညာချက်တွင် ၂၀၁၉ ခုနှစ် ဇူလိုင်လနောက်ပိုင်း အီရန်နိုင်ငံက နျူကလီးယားသဘောတူညီချက်ကို ချိုးဖောက်ကြောင်း ဖော်ပြထားပြီး နျူကလီးယားသဘောတူညီချက်နှင့် ကွဲလွဲနေသောဆောင်ရွက်ချက်များအားလုံးကို ပြန်လည်တည့်မတ်ရန်နှင့် နျူကလီးယားသဘောတူညီချက်ကို အပြည့်အဝပြန်လည်လိုက်နာရန် တောင်းဆိုထားသည်။

အီရန်နိုင်ငံကမူ ယူရေနီယံသန့်စင်မှုကို ကန့်သတ်မည့်ကတိကဝတ်ကို ကာလကြာရှည်လိုက်နာလိမ့်မည်မဟုတ်ကြောင်းလည်း ယခုလအတွင်း ကြေညာခဲ့သည်။ ထို့ပြင် ယခုလအစောပိုင်းက အီရန်ဗိုလ်ချုပ်ကြီးကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့ပြီးနောက် ဝါရှင်တန်နှင့်တီဟီရန်အကြား တင်းမာမှုများသည်လည်း မြင့်တက်လာခဲ့သည်။ ယင်းနောက်ပိုင်းတွင် အီရန်ကလည်း အီရတ်နိုင်ငံရှိ အမေရိကန်အခြေစိုက်စခန်းများကို ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**




## အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း ပင်တဂွန်ပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံတွင် ဇန်နဝါရီ ၁၁ ရက်က အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၂ ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

ယင်းတပ်ဖွဲ့ဝင်နှစ်ဦးစလုံးသည် အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ပေါက်ကွဲစေနိုင်သော လက်လုပ်ကိရိယာတစ်မျိုးဖြင့် ၎င်းတို့၏ယာဉ်တန်းအား တိုက်ခိုက်ခံခဲ့ရခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း ပင်တဂွန်က ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုမှာ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း တာလီဘန်စစ်သွေးကြွများက အခိုင်အမာပြောကြားခဲ့သည်။ ကန်ဒါဟာပြည်နယ် ကန်ဒါဟာမြို့ဆင်ခြေဖုံးရှိ လေတပ်အခြေစိုက်စခန်းတစ်ခုအနီးတွင် ပြည်ပတပ်ဖွဲ့ဝင်များအား လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခဲ့မှုကို သောင်းကျန်းသူများက ဦးဆောင်ဦးရွက်ပြုခဲ့ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘီအူလာမူဂျာဟစ်က တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြထားခဲ့သည်။

အမေရိကန်သည် အာဖဂန်နစ္စတန်နိုင်ငံတွင် တပ်ဖွဲ့ဝင် ၁၄၀၀၀ ခန့် တပ်ဖြန့်ထားပြီး ယင်းတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်အုပ်စုများကို ဆန့်ကျင်သည့်အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ဆင်ရေးများကို ဦးဆောင်ဦးရွက်ပြုနေသည့် ဒေသခံအာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမစ်ရှင်များ ပံ့ပိုးပေးလျက်ရှိသည်။

အာဖဂန်နစ္စတန်စစ်ပွဲသည် အမေရိကန်၏ သမိုင်းတွင် အရှည်ကြာဆုံးသော စစ်ပွဲဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံအား အမေရိကန်တို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၂၄၀၀ ကျော်သေဆုံးခဲ့ရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ဖိလစ်ပိုင်နိုင်ငံ၌ တားလ်မီးတောင်ပေါက်ကွဲ၍ လေယာဉ်ခရီးစဉ် ရာပေါင်းများစွာ ဖျက်သိမ်း

**မနီလာ ဇန်နဝါရီ ၁၃**

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာတောင်ပိုင်းရှိ တားလ်မီးတောင်မှ ချော်ရည်နှင့်ပြာပူများ လွင့်စဉ်ထွက်ကျလာကာ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လေယာဉ်ခရီးစဉ်ရာပေါင်းများစွာကို ဖျက်သိမ်းခဲ့ရသည်။ အဆိုပါဖြစ်ရပ်ကြောင့် လမ်းများပေါ်တွင် သစ်ပင်များ ပြိုလဲကျလာသဖြင့် လမ်းပိတ်ဆို့ခဲ့ပြီး အဆိုပါမီးတောင်အနီးရှိဒေသမှာ ရွံ့နွံများဖုံးလွှမ်းကာ လူပေါင်း ၂၀၀၀၀ ခန့်အား ခိုလှုံရေးစင်တာများသို့ ရောက်ရှိခိုလှုံစေခဲ့သည်။

ဘူမိဗေဒပညာရှင်များ၏ ပြောကြားချက်အရ အဆိုပါ မီးတောင်မှ ပန်းထွက်လာသော ချော်ရည်ပူများမှာ လေထဲသို့ မီတာ ၅၀၀ ခန့်အထိ မြင့်တက်ရောက်ရှိခဲ့ပြီး နောက်ဆက်တွဲဖြစ်ရပ်အဖြစ် ငလျင်များ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့အနေနဲ့ အလွန်ကိုကြောက်မိပါတယ်။ ငလျင်တွေလှုပ်ခတ်လို့ နေအိမ်တွေပြိုကျမယ်ဆိုရင် အပျက်အစီးတွေကြားမှာပိမိလို့ ကျွန်တော်တို့သေနိုင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်မိသားစုကို ခိုလှုံရေးစင်တာကို ပို့ထားပါတယ်" ဟု အသက် ၅၆ နှစ်အရွယ်ရှိ ဗီယမ်ဗီနီဒိုမိုဆာက ပြောသည်။

**ပစိဖိတ်ငလျင်ကြောတွင် တည်ရှိ**

တားလ်ဒေသသည် ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ရာနေရာတစ်ခုဖြစ်ပြီး မီးတောင်များ အများအပြားရှိရာ ဒေသလည်းဖြစ်ကာ ဖိလစ်ပိုင်နိုင်ငံမှာ ပစိဖိတ်ငလျင်ကြောတွင် တည်ရှိသည်။ ယခုဖြစ်ရပ်ဖြစ်ပွားမှုကြောင့် တားလ်ဒေသအနီးဝန်းကျင်ရှိ စာသင်ကျောင်းများ၊ မနီလာမြို့ရှိ အစိုးရရုံးများနှင့် ဖိလစ်ပိုင်စတော့အိပ်ချိန်းကိုလည်း ပိတ်ထားခဲ့ရသည်။ သူ့အနေနှင့် အိမ်မှာနေပြီး မျက်နှာကို လက်ကိုင်ပဝါစည်းထားရကြောင်း မနီလာမြို့ခံတစ်ဦးဖြစ်သူ မန်ချီကလေဗာရာက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**




## ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးနှစ်လုံးအား ဂျာမနီ၌ လုံခြုံစိတ်ချစွာ ဖယ်ရှားနိုင်ခဲ့

**ဘာလင် ဇန်နဝါရီ ၁၃**

ဂျာမနီနိုင်ငံအနောက်ပိုင်းဒေသရှိ ဒေါ့မွန်မြို့တွင် ဒေသခံနေထိုင်သူဦးရေ ၁၄၀၀၀ အား လုံခြုံစိတ်ချရသည့်နေရာများသို့ ရွှေ့ပြောင်းစေခဲ့ပြီးနောက် ဇန်နဝါရီ ၁၂ ရက်တွင် ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးနှစ်လုံးကို ဖယ်ရှားနိုင်ခဲ့ပြီးဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဒေါ့မွန်မြို့၏ အလယ်ဗဟိုမှ လူနေထူထပ်သည့် ဒေသလေးခုအတွင်း နစ်မြုပ်နေဖွယ်ရှိသည့် မဟာမိတ်တပ်ဖွဲ့များက ဒုတိယကမ္ဘာစစ်ကာလအတွင်း၌ ကြဲချခဲ့ဖွယ်ရှိသော မပေါက်ကွဲသေးသည့်ဗုံးများအား တူးဖော်မှုများ ပြုလုပ်မည်ဟု ယင်းမြို့မှ တာဝန်ရှိသူများက ဇန်နဝါရီ ၁၁ ရက်တွင် ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

ယင်းမြို့တွင် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အလုပ်သမားများက ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအတွင်း မူမမှန်တွေ့ရှိချက်များအား စုံစမ်းထောက်လှမ်းတွေ့ရှိခဲ့ပြီးနောက် မြို့တော် အုပ်ချုပ်ရေးအဖွဲ့၏ တရားဝင်အင်တာနက်စာမျက်နှာ တွစ်တာတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယင်းတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း မပေါက်ကွဲသေးသော အလေးချိန် ၂၅၀ ကီလိုဂရမ် (ပေါင် ၅၅၀)ရှိ ဗုံးနှစ်လုံးကို တွေ့ရှိခဲ့ပြီး ယင်းဗုံးများအား ပေါက်ကွဲမှုမဖြစ်စေရန် ဘေးအန္တရာယ်ကင်းစွာ ပြုလုပ်နိုင်ခဲ့သည်။ ယင်းဗုံးနှစ်လုံးမှာ အမေရိကန်နှင့် ဗြိတိန်နိုင်ငံလုပ်ဗုံးများဖြစ်ကြသည်။

ယင်းဗုံးများတွေ့ပြီးနောက် ဒေသတွင်းရှိ ဆေးရုံနှစ်ရုံမှ လူနာများပြောင်းရွှေ့ရေးအတွက် ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းများကို ရပ်ဆိုင်းစေခဲ့ရသည်။

ဂျာမနီနိုင်ငံတွင် ဒုတိယကမ္ဘာစစ် လက်ကျန်ဗုံးများ ရှာဖွေတွေ့ရှိမှုမှာ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ရပ်မဟုတ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယခုနှစ် စက်တင်ဘာလအတွင်းကလည်း ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့တွင် အလေးချိန် ကီလို ၂၅၀ ရှိ ဗုံးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းဗုံးအား ပေါက်ကွဲမှုမဖြစ်ပေါ်အောင် ပြုလုပ်ကာ လူပေါင်း ၁၅၀၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ခွာစေခဲ့ရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# ဂျပန်ဝန်ကြီးချုပ်နှင့် ဆော်ဒီအာရေဗျ အိမ်ရှေ့စံမင်းသား တွေ့ဆုံဆွေးနွေး

**ရီယဒ် ဇန်နဝါရီ ၁၃**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံရေးတင်းမာမှုများအား ဖြေလျှော့စေမည့် နည်းလမ်းများကို ဆွေးနွေးရန် ဆော်ဒီအာရေဗျ အိမ်ရှေ့စံမင်းသားနှင့် တွေ့ဆုံခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆော်လ်မန်တို့ကြား ဆွေးနွေးမှုများကို ဆော်ဒီအာရေဗျနိုင်ငံ အနောက်မြောက်ပိုင်းရှိ အယ်လ်အူလာမြို့၌ ပြုလုပ်ခဲ့သည်။ အစောပိုင်းတွင် ရှင်ဇိုအာဘေးသည် ဆော်ဒီအာရေဗျဘုရင် ဆော်လ်မန်ဘင်အဒူလာဇက်နှင့် ရီယဒ်မြို့တော်၌ တွေ့ဆုံခဲ့သည်။ ဆော်ဒီအမျိုးသားဝတ်စုံ ဝတ်ဆင်ထားသည့် ရှင်ဇိုအာဘေးနှင့် ဘင်ဆော်လ်မန်တို့ကြား တွေ့ဆုံမှုမှာ တစ်နာရီခန့်ကြာခဲ့ပြီး ဘာသာပြန်နှစ်ဦးနှင့်အတူ နှစ်ဦးသာ တက်ရောက်ခဲ့သည်။ အီရန်နိုင်ငံ၏ ပါဝင်မှုအပါအဝင် အရှေ့အလယ်ပိုင်းဒေသ စစ်ရေးပဋိပက္ခမှာ ကမ္ဘာ့နိုင်ငံများအပေါ် အကျိုးသက်ရောက်မှုတစ်ရပ်ရှိခဲ့ကြောင်း ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ပဋိပက္ခတစ်စတစ်စ အရှိန်ပြင်းထန်လာမှုကို ရှောင်ရှားသင့်ကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ၏ တည်ငြိမ်သောတုံ့ပြန်မှုအတွက် အသိအမှတ်ပြုပါကြောင်း ၎င်းက ပြောကြားသည်။ ဂျပန်နိုင်ငံက သံခင်းတမန်ခင်းကြိုးပမ်းမှုကို အစွမ်းကုန်ဆက်လက်လုပ်ဆောင်နေကြောင်း ရှင်ဇိုအာဘေးက ပြောကြားခဲ့ပြီး အကြမ်းဖက်မှုအရှိန်လျှော့ချစေမည့် ကြိုးပမ်းမှုများ လုပ်ဆောင်ကြရန် သက်ဆိုင်ရာနိုင်ငံများသို့ ၎င်းက တိုက်တွန်းခဲ့သည်။ စိတ်ရှည်သည်းခံမှု ဆက်လက်ကျင့်သုံးရန် ရှင်ဇိုအာဘေးက တောင်းဆိုခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံနှင့် အနီးကပ်လက်တွဲဆောင်ရွက်လိုကြောင်း ပြောကြားလိုက်သည်။ ဂျပန်နိုင်ငံ၏ သံခင်းတမန်ခင်းအတွက် ကျေးဇူးတင်ရှိကြောင်း အိမ်ရှေ့စံမင်းသား ဘင်ဆော်လ်မန်က ဆိုသည်။

အရှေ့အလယ်ပိုင်းဒေသသို့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ လေယာဉ်နှင့် ဖျက်သင်္ဘောတစ်စင်းစေလွှတ်ခြင်းမှာ ဂျပန်နိုင်ငံနှင့်ပတ်သက်မှုရှိသော သင်္ဘောများ ဘေးအန္တရာယ်ကင်းစေမည့် သတင်းအချက်အလက်များ စုစည်းရန်ဖြစ်ကြောင်း ရှင်ဇိုအာဘေးက ရှင်းပြခဲ့သည်။ အိမ်ရှေ့စံမင်းသား ဘင်ဆော်လ်မန်ကလည်း ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုကို အသိအမှတ်ပြုခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဆော်ဒီအာရေဗျအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆော်လ်မန်တို့ တွေ့ဆုံဆွေးနွေးစဉ်။



# အိုင်အက်စ်အဖွဲ့ ပြန်လည်ခေါင်းထောင်လာမှုကို ဂျော်ဒန်ဘုရင် သတိပေး

**ပါရီ ဇန်နဝါရီ ၁၃**

အရှေ့အလယ်ပိုင်းဒေသတွင် အိုင်အက်စ်အဖွဲ့သည် ပြန်လည်စုဖွဲ့မှု ပြုလုပ်နေကြောင်းနှင့် တစ်ဖန် ပြန်လည်ခေါင်းထောင်လာနေကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာက တနင်္လာနေ့က သတိပေး ပြောကြားလိုက်သည်။

အိုင်အက်စ်အဖွဲ့ကို ၎င်းတို့၏ နောက်ဆုံးအမာခံနယ်မြေ ဆီးရီးယားမှ ပြီးခဲ့သည့်နှစ်က ဖယ်ရှားခဲ့ပြီးနောက် လများစွာအကြာတွင် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာက မိမိအဓိက စိုးရိမ်ပူပန်သည်မှာ မိမိတို့အနေဖြင့် လွန်ခဲ့သည့်နှစ်အတွင်း ဆီးရီးယားအရှေ့တောင်ပိုင်း၌သာမက အီရတ်အနောက်ပိုင်း၌ပါ အိုင်အက်စ်အဖွဲ့ ပြန်လည်တည်ထောင်မှုနှင့် ခေါင်းထောင်လာမှုကို မြင်တွေ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် အိုင်အက်စ်အဖွဲ့ ပြန်လည်ပေါ်ပေါက်လာမှုကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ဆီးရီးယားမှ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားအများအပြားသည် ယခုအခါ လစ်ဗျားနိုင်ငံတွင် ရောက်ရှိနေကြောင်း ဂျော်ဒန်ဘုရင်က ဘရပ်ဆဲလ်၊ စထရာဘို့စ်နှင့် ပါရီမြို့တို့တွင် ပြုလုပ်မည့် ဆွေးနွေးပွဲများမတိုင်မီ TV channel France 24 နှင့် ပြုလုပ်သည့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံသည် ဥရောပနှင့် အလွန်နီးကပ်သဖြင့် ဥရောပဘက်မှ ကြည့်ပါက အိုင်အက်စ်အရေးကိစ္စသည် လာမည့်နှစ်ရက်အတွင်း ပြုလုပ်မည့်ဆွေးနွေးပွဲတွင် အရေးကြီးသည့်ကိစ္စဖြစ်လာမည်ဟု ဘုရင်အဗ္ဗဒူလာက ပြောကြားသည်။ ထောင်ဂဏန်းရှိသည့် တိုက်ခိုက်ရေးသမားများသည် မြောက်ပိုင်းနယ်စပ်ကိုဖြတ်၍ ဆီးရီးယားနိုင်ငံ အီဒလစ်မြို့ကို စွန့်ခွာပြီး လစ်ဗျားနိုင်ငံတွင် ရောက်ရှိနေကြကြောင်း၊ ယင်းကိစ္စသည် ဒေသတွင်းရှိ မိမိတို့သာမက ဥရောပမိတ်ဆွေနိုင်ငံများကပါ ၂၀၂၀ ပြည့်နှစ်တွင် ဖြေရှင်းရမည့်အရာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဂျော်ဒန်နိုင်ငံသည် စစ်ဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းနေသည့် အိမ်နီးချင်း ဆီးရီးယားနိုင်ငံမှ ဒုက္ခသည် ၁ ဒသမ ၃ သန်းခန့်ကို လက်ခံထားရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ဒေါ်လာ ၂၃ ဘီလီယံနီးပါး တန်ကြေးရှိ စာချုပ်များ အင်ဒိုနီးရှားနှင့် ယူအေအီး လက်မှတ်ရေးထိုး

**အဘူဒါဘီ ဇန်နဝါရီ ၁၃**

အင်ဒိုနီးရှားနိုင်ငံက စွမ်းအင်နှင့် အခြားကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုအပါအဝင် စုစုပေါင်း ရူပီး ၃၁၄ ဒသ မ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံ) တန်ကြေးရှိ စီးပွားရေးဆိုင်ရာ သဘောတူညီချက် ၁၁ ခုကို အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နှင့် လက်မှတ်ရေးထိုးခဲ့သည်ဟု သမ္မတ ဂျိုကိုဝီဒိုဒိုက ယနေ့ တွစ်တာမှတစ်ဆင့် ပြောကြားခဲ့သည်။

**တက်ရောက်**

သမ္မတ ဝီဒိုဒိုသည် ယူအေအီးအိမ်ရှေ့စံမင်းသား ရှိတ်ခ်မိုဟာမက်ဘင်ဇေယက်နှင့်အတူ အဘူဒါဘီသို့ သွားရောက်သည့် တရားဝင်ခရီးစဉ်တစ်ခုအတွင်း သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့သည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ဒုတိယသက်တမ်း စတင်ထမ်းဆောင်ခဲ့သည့် သမ္မတ ဝီဒိုဒိုက အလုပ်အကိုင်များ ဖန်တီးရန်နှင့် နှစ်ပေါင်းများစွာကြာ စီးပွားရေးတိုးတက်မှုနှုန်း ငါးရာခိုင်နှုန်းခန့်သာရှိသည့် အရှေ့တောင်အာရှ၏ စီးပွားရေးအင်အားအကြီးမားဆုံး အင်ဒိုနီးရှားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်လိုသည့်ဆန္ဒရှိနေသည်။ ရေနံဓာတုနှင့် ဓာတ်ငွေ့ကဏ္ဍများတွင် အဘူဒါဘီအမျိုးသားရေနံကုမ္ပဏီ (ADNOC) က အင်ဒိုနီးရှားနိုင်ငံမှ PT Pernamina၊ PT Chandra Asri Petrochemicals တို့နှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။

**လက်မှတ်ရေးထိုး**

နှစ်နိုင်ငံအစိုးရများကြား ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် တန်ပြန်အကြမ်းဖက်မှုဝါဒ ပါဝင်သော သဘောတူညီချက်ငါးရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရတ်နိုမာဆူဒီက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ဝီဒိုဒိုနှင့် ရှိတ်ခ်မိုဟာမက်တို့သည် ရန်ပုံငွေတစ်ရပ်ထူထောင်မည့် အစီအစဉ်ကိုလည်း ဆွေးနွေးခဲ့ကြောင်း အင်ဒိုနီးရှားပင်လယ်ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုရေးရာဝန်ကြီး လူဟတ်ပန်ဂျိုင်တန်က ပြောကြားသည်။ ဂျပန်နိုင်ငံမှ Softbank နှင့် အမေရိကန်နိုင်ငံမှ IDFC တို့ကလည်း ရန်ပုံငွေတွင် ပါဝင်ရန် စိတ်ဝင်စားကြောင်း ၎င်းကထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။



အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုနှင့် ယူအေအီး အိမ်ရှေ့စံမင်းသား ရှိတ်ခ်မိုဟာမက်ဘင်ဇေယက်တို့ တွေ့ဆုံဆွေးနွေးစဉ်။

အင်ဒိုနီးရှားနိုင်ငံက အဆိုပြုထားသော ဘော်နီယိုကျွန်း၊ အရှေ့ကာလီမန်တန်ပြည်နယ်၌ မြို့တော်သစ် တည်ဆောက်ရေးစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန် ယူအေအီးနိုင်ငံက ရန်ပုံငွေကို အသုံးပြုခွင့်ရှိမည်ဖြစ်သည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းပေါ်ရှိ အာချေးပြည်နယ်၏ အိမ်ခြံမြေတည်ဆောက်ရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံရန်လည်း ယူအေအီးနိုင်ငံက စိတ်ဝင်စားနေသည်။

**ကိုးကား-ဂျကာတာပို့စ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

အလုပ်အကိုင်ကောင်းများစွာက သင့်ကိုစောင့်ကြိုနေပါသည်။
www.vacjobsearch.com
VAC®
VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း
MS Word Format CV Form ကို Email ဖြင့် ပေးပို့၍အလုပ်များလျှောက်ထားခြင်းဖြင့် သင်မည်သည့်နေရာကိုမှ ကိုယ်တိုင်အလုပ်သွားလျှောက်ရန် မလိုအပ်တော့ပါ။ အချိန်ကုန် ငွေကုန် လူပင်ပန်း သက်သာစေပါသည်။
Email : cv@vacjobsearch.com Ph : 01-8395921,01-8395922, 09-5102094, 09-73022727

# ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ရခိုင်ပြည်နယ်အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များ ရှာဖွေသိမ်းဆည်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ခပေါင်းကြိုးဝိုင်းအကွက် အမှတ် (၁၃၃၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၇၆)နှင့် ပန်းပဲတိုးချဲ့ကြိုးဝိုင်းတို့အတွင်း တရားမဝင်ကျွန်း/ ပျဉ်းကတိုး ၅၃ ဒသမ ၈၃၈ တန်၊ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးတောင်ဦးရွာအရှေ့ဘက် နှစ်ဖာလုံခန့်အကွာ ချင်းတွင်းမြစ်ကမ်းဘေးနေရာမှ တရားမဝင်ကျွန်း/ အင်သစ် ၁၈ ဒသမ ၇ တန်၊ မော်လိုက်မြို့နယ် ဖုန်းသုန်းကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၇ ဒသမ ၁၃၀ တန်၊ ရခိုင်ပြည်နယ် ဂွမြို့နယ် ဒေသအခေါ် ကြက်လွတ်ချောင်းဖျားနေရာမှ တရားမဝင် တောင်သရက်ခွဲသား ၁၃ ဒသမ ၇၆၉၈ တန်တို့အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒေါင်းဖိုးကွေ့မြောင်အနီး တောစပ်နေရာ၌ NISSAN Counter ယာဉ်ပေါ်မှ တရားမဝင် မျောက်ငို/ဆန်စေးခွဲသား ၄ ဒသမ ၀၂၈၀ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်း- ဂွကားလမ်းဘေး မိုင်တိုင်အမှတ်(၁၄/၀)နှင့် (၁၄/၁)အကြားမှ ၁၂ ဘီးယာဉ်ပေါ်မှ တရားမဝင် တောင်သရက်ခွဲသား ၈ ဒသမ ၅၃၄၈ တန်အား ပြစ်မှုကျူးလွန်သူ နှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်၍ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**



# တာချီလိတ်မြို့၌ ယာဉ်တိုက်မှုကြောင့် ကိုရင်တစ်ပါး သေဆုံး

**တာချီလိတ် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ဝမ်ဟောင်ရွာ ဘုန်းကြီးကျောင်းအနီးတွင် ဇန်နဝါရီ ၁၂ ရက် ည ၈ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကာ လမ်းဖြတ်ကူးသည့် ကိုရင်အား ဝင်တိုက်မိ၍ ကိုရင်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ဝမ်ဟောင်ရွာ ဘုန်းကြီးကျောင်းရှေ့တွင် ဇန်နဝါရီ ၁၂ ရက် ည ၈ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်ဆိုင်ရာဌာနဆိုင်ရာများက စစ်ဆေးရာ တာချီလိတ်-ကျိုင်းတုံသွား လမ်းဆုံ မီးပွိုင့်မှ လေယာဉ်ကွင်းသို့သွားသည့် လမ်းဆုံသို့ ယာဉ်တစ်စီး(စုံစမ်းဆဲ)မှာ အခင်းဖြစ်နေရာအရောက်တွင် လမ်းမကြီးကိုဖြတ်ကူးသည့် ကိုရင် (ရှင်နာလထက်) မြတ်ဘုရားကျောင်းတိုက် ဆေခမ်းရပ်ကွက်နေသူအား ဝင်တိုက်မိခဲ့ရာ ယာဉ်မှာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရပြီး ယာဉ်တိုက်ခံရသော ကိုရင်တွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ထွက်ပြေးတိမ်းရှောင်သွားသူအား မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**



ဝင်းထို၊ အောင်ကိုလတ်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မဘိမ်း၊ မိုင်းရယ်၊ မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

တပ်မတော်က ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက မဘိမ်းမြို့နယ် စီပိန်းကျေးရွာအုပ်စု စီပိန်းကျေးရွာနေ အောင်ကိုလတ်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဝင်းထိုအားတွေ့ရပြီး နေအိမ်အတွင်း ကြမ်းပြင်ပေါ်မှ စိတ်ကြွဆေးပြား ၇၉၀၀၊ ဘိန်းဖြူ သုည ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် နားဆန်းကျေးရွာအနီး မိုင်းရယ်-သီပေါကားလမ်းတွင် နိုင်လင်းအောင်(ခ)နောင်နောင် မောင်းနှင်လာသည့် ၁၂ ဘီး ယာဉ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၅၅၀ ကိုလည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီက မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၁)လမ်းနှင့် ပန်လုံ(၅)လမ်းကြားတွင်တွေ့ရှိသူ အောင်ဆန်းဝင်းအား ရှာဖွေရာ စိတ်ကြွဆေးပြား ၅၂၆၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရပ်ထားသည့် ယာဉ်အား အရှိန်လွန်ဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းသူ သေဆုံး

**တောင်ငူ ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာ တောင်ဘက် လေးမိုင်ခန့်အကွာ နှစ်ဆောင်ပြိုင်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ဇန်နဝါရီ ၁၂ ရက် ညနေ ၅ နာရီခွဲခန့်က ရပ်ထားသည့် ၂၂ ဘီး ယာဉ်အား ဆိုင်ကယ်တစ်စီးမှ အရှိန်လွန်ဝင်တိုက်ခဲ့ရာ ဆိုင်ကယ်မောင်းသူ နေရာတွင် သေဆုံးခဲ့ပြီး နောက်တွင် လိုက်ပါလာသူ ဒဏ်ရာများ ရရှိခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ကျွန်းကုန်းနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် သန်းသန်းစိုး ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း အောင်ဇော်လတ် ပိန္နဲပင်ကျေးရွာ ရေတာရှည်မြို့နယ်နေသူ မောင်းနှင်ပြီး နောက်မှ စောအယ်ထူး (၁၀)ရပ်ကွက် တောင်ငူမြို့နေသူ လိုက်ပါလာသော ဆိုင်ကယ်သည် မိုင်တိုင် (၁၆၄/၆)နှင့် (၁၆၄/၇)အကြား ရပ်တန့်ထားသော ၂၂ ဘီးယာဉ်၏ နောက်ပိုင်းကို အရှိန်လွန် ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူ အောင်ဇော်လတ် ရရှိသည့် ဒဏ်ရာများဖြင့် နေရာ၌သေဆုံးခဲ့ပြီး နောက်တွင်လိုက်ပါလာသူ စောအယ်ထူး (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့၍ အောင်ဇော်လတ်အား ကျွန်းကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ထီးချိုင့်မြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ထီးချိုင့် ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကြို့ကုန်းကျေးရွာအတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှနောင် အနီးကပ်ကြီးကြပ်၍ ထီးချိုင့်မြို့မရဲစခန်းမှ နယ်ထိန်းစိုးနိုင်ဦး ဦးစီးသောအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ထီးချိုင့်မြို့နယ် ကြို့ကုန်းကျေးရွာနေ သိန်းလွင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၃၂၃၀ ကိုရှာဖွေတွေ့ရှိရသဖြင့် သိန်းလွင်အား စစ်မေးရာ ထီးချိုင့်မြို့နယ် လေဘိုကျေးရွာနေ မဖြူပြာ(ခ)ဖြူဖြူပြာက လာရောက်ပို့ဆောင်ခဲ့ကြောင်း သိရသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ သိန်းလွင်နှင့် မဖြူပြာ(ခ)ဖြူဖြူပြာတို့နှစ်ဦးအား ထီးချိုင့်မြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# သံလွင်တံတား(မော်လမြိုင်) ရထားသံလမ်း ဇလီဖားတုံးများ မီးလောင်မှုဖြစ်

**မော်လမြိုင် ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဇန်နဝါရီ ၁၂ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်က မော်လမြိုင်-မုတ္တမ သံလွင်မြစ်ကူး သံလွင်တံတား၏ RP- 16 တွင် ရထားသံလမ်း ဇလီဖားတုံးများ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မော်လမြိုင် မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် မော်လမြိုင် Rescue လူမှုကယ်ဆယ်ရေးအဖွဲ့တို့က ငြိမ်းသတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါသံလွင်တံတား (မော်လမြိုင်) ရထားလမ်းသည် ထားဝယ်-ရေး-မော်လမြိုင်နှင့် ရန်ကုန်မြို့သို့ဆက်သွယ်ထားသည့် အဓိကရထားလမ်းပိုင်း တစ်ခုဖြစ်ကာ ယခုမီးလောင်မှုမှာ ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် ည ၆ နာရီခွဲက ပထမအကြိမ် မီးလောင်မှုဖြစ်ပွားသဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း မော်လမြိုင်လူမှုကယ်ဆယ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးဇင်မိုးက ပြောသည်။

**မိုးသောက်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**



# ကျိုတိုမှပေးစာများ - ၁၁

# တိုးဒိုင်းဂျိဘုရားကျောင်းနှင့် နာရာဘုရားကြီး

■ အောင်အောင် IR

ဂျပန်နိုင်ငံရဲ့ ရှေးဟောင်းမြို့တော် နာရာ (Nara) မှာ အထင်ရှားဆုံး သမိုင်းဝင်နေရာတစ်ခု၊ နိုင်ငံခြားသားခရီးသွားများ စိတ်အဝင်စားဆုံးနေရာတစ်ခုကိုပြပါဆိုရင် တိုးဒိုင်းဂျိဘုရားကျောင်း(TodaijiTemple)ကို ညွှန်းဆိုကြပါလိမ့်မယ်။ တိုးဒိုင်းဂျိဘုရားကျောင်းတွင် ကြေးနဲ့သွန်းလုပ်ထားတဲ့ ကမ္ဘာ့အကြီးမားဆုံး ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ (နာရာဘုရားကြီး) ကိန်းဝပ်စံပယ်တော်မူလျက်ရှိပါတယ်။ ဒါကြောင့် တိုးဒိုင်းဂျိဘုရားကျောင်းဆိုတာနဲ့ နာရာဘုရားကြီးက ပါနှင့်ပြီးဖြစ်ပါတယ်။ သို့သော် ခရီးသွားလမ်းညွှန်ဝက်ဘ်ဆိုက်အချို့မှာ ပိုမိုလေးနက်မှုရှိအောင် တိုးဒိုင်းဂျိဘုရားကျောင်း (Todaiji Temple) နဲ့ နာရာဘုရားကြီး(The Great Buddha of Nara)ခရီးစဉ်ဆိုတာမျိုး ဘုရားကျောင်းနဲ့ ဘုရားကြီးကို ခွဲထုတ်ဖော်ပြကြပါတယ်။ ဂျပန်နိုင်ငံမှာ အရွယ်အစားကြီးမားတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးတွေကို ဒိုင်ဘုဆု (Daibutsu) လို့ ခေါ်ဝေါ်သုံးနှုန်းပါတယ်။ အင်္ဂလိပ်လိုတော့ The Great Buddha လို့ ခေါ်ပါတယ်။ ဒါကြောင့် ဒီနာရာမြို့မှာတည်ရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးကိုThe Great Buddha of Nara လို့ ရည်ညွှန်းကြပါတယ်။ ဂျပန်နိုင်ငံကို မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တွေ လာရောက်လည်ပတ်ပြီဆိုရင် ကမာကူရမြို့ (Kamakura) က ကမာကူရဘုရားကြီး (The Great Buddha of Kamakura) ဆီ မဖြစ်မနေ သွားရောက်လေ့ရှိကြပါတယ်။ မြန်မာနိုင်ငံမှာ ဂျပန်ရောက်ဖူးသူပဲဖြစ်ဖြစ်၊ မရောက်ဖူးသူပဲဖြစ်ဖြစ် ဂျပန်နဲ့နီးစပ်ရင် ကမာကူရဘုရားကြီးဆို အနည်းနဲ့အများ သိကြပါတယ်။

ဂျပန်မီဒီယာတစ်ခုဖြစ်တဲ့ Nippon.Com အဆိုအရ ဂျပန်မှာတစ်ခုခုရွေးချယ်ဖို့ ပြောပြီ၊ ညွှန်းပြီဆိုရင် အနည်းဆုံးသုံးခုကို အုပ်စုဖွဲ့နှိုင်းယှဉ် ပြောဆိုလေ့ရှိတယ်ဆိုပါတယ်။ ဒီတော့ ဂျပန်မှာ ကြီးမားတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးများအကြောင်းပြောဆိုကြပြီဆိုရင် ဂျပန်လူမျိုးတွေက ကြီးမားတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးများစာရင်းမှာ ဂျပန်နိုင်ငံရောက် မြန်မာတွေ အသွားအလာများတဲ့ ဂျပန်နိုင်ငံ အရှေ့ဘက်မှာတည်ရှိတဲ့ တိုကျိုမြို့တော်နားက ကမာကူရမြို့က ကမာကူရဘုရားကြီးနဲ့ စာရေးသူလက်ရှိနေထိုင်တဲ့ ဂျပန်နိုင်ငံ အနောက်ဘက်မှာတည်ရှိတဲ့ ကျိုတိုမြို့အနားက နာရာမြို့က နာရာဘုရားကြီးတို့ကို ထည့်သွင်းကြပါတယ်။ ကြီးမားတယ်ဆိုတဲ့နေရာမှာ အရွယ်အစားအတိုင်းအထွာတင် မဟုတ်ဘဲ သူတို့ရဲ့ သမိုင်းကြောင်း၊ သက်တမ်းစတာတွေပါ ထည့်သွင်းတွက်ချက်ပါတယ်။ ဆိုတော့ ဒီကမာကူရမြို့နဲ့ နာရာမြို့က ဗုဒ္ဓရုပ်ပွားတော်ကြီးများဟာ ငြင်းစရာမလိုလောက်အောင် ကြီးမားရှေးကျတဲ့ ရုပ်ပွားတော်ကြီးများ စာရင်းဝင်ပါတယ်။

သုံးခုပြည့်ဖို့ နောက်ရုပ်ပွားတော်ကြီးတစ်ဆူကို နှိုင်းယှဉ်စဉ်းစားကြတဲ့အခါ Hyogo Prefecture က Hyōgo Great Buddha, Toyama Prefecture က Takaoka Great Buddha နဲ့ Gifu Prefecture က Gifu Great Buddha တို့ကို တွေ့ပါတယ်။ အဲဒီဘုရားသုံးဆူစလုံးဟာ ကြီးမားပါတယ်။ Hyōgo Great Buddha ဆိုရင် ဒုတိယကမ္ဘာစစ် မတိုင်မီကအထိ သူ့ကို ကမာကူရဘုရားတို့၊ နာရာဘုရားတို့နှင့်ယှဉ်ပြီး ဂျပန်နိုင်ငံရဲ့ အကြီးမားဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီးသုံးဆူ စာရင်းထဲ ထည့်သွင်းခဲ့ပါတယ်။ သို့သော် Hyōgo Great Buddha ကို ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၄ခုနှစ်မှာ သံတိုသံစအဖြစ် အရည်ကျိုဖျက်ပစ်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှာမှ ပြန်လည်တည်ဆောက်ခဲ့တာ ဖြစ်လို့ သူ့သမိုင်းက မှေးမှိန်ခဲ့ရပါတယ်။ နောက်ထပ်ကြီးမားတဲ့



တိုးဒိုင်းဂျိဘုရားကျောင်းအတွင်းမှ ကြေးဖြင့်သွန်းလုပ်ထားသော နာရာဘုရားကြီး။

ဗုဒ္ဓရုပ်ပွားတော်ကြီး တစ်ဆူ ရှိပါသေးတယ်။ Ibaraki Prefecture မှာတည်ရှိတဲ့ Ushiku Great Buddha ကြီး ဖြစ်ပါတယ်။ အဲဒီရုပ်ပွားတော်ကြီးရဲ့ အမြင့်ဟာ အမေရိကန်နိုင်ငံ နယူးယောက်မြို့က လွတ်လပ်ရေး လေဘာတီကျောက်ရုပ်တုထက် သုံးဆဝန်းကျင်ခန့် မြင့်မားပြီး အထပ်သုံးဆယ် ဒါမှမဟုတ် အထပ်သုံးဆယ်မက အဆောက်အဦအမြင့်နဲ့ ညီမျှတယ်လို့ ဆိုပါတယ်။ သို့သော် ဒီရုပ်တော်မူ ရုပ်ပွားတော်ကြီးဟာ ၁၉၉၂ ခုနှစ်ကမှ တည်ဆောက်ပြီးစီးခဲ့တာဖြစ်လို့ သမိုင်းဝင်ကြီးမား ရှေးကျတဲ့ ရုပ်ပွားတော်ကြီးများ စာရင်းထဲထည့်သွင်းဖို့ အဆင်မပြေပြန်ပါဘူး။ Nippon.Com အဆိုအရကတော့ Great Buddha ဆိုတာရဲ့အနှစ်သာရအနေနဲ့ ကြည့်မယ်ဆိုရင် ဂျပန်နိုင်ငံမှာ ကမာကူရဘုရားကြီးနဲ့ နာရာဘုရားကြီး မှတစ်ပါး အခြားမရှိပြီ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံ၏ ၄၅ ဆက်မြောက်ဘုရင်ရှိုးမူ (Emperor Shōmu) (၇၀၁-၇၅၆) ဟာ သူ့လက်ထက်မှာ ပြည်တွင်းရေးမငြိမ်မသက်ဖြစ်ပြီး နိုင်ငံမှာအရေးအခင်း ပြဿနာတွေကြုံတွေ့နေရတဲ့အတွက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ စည်းလုံးညီညွတ်စေဖို့ ဗုဒ္ဓဘာသာရဲ့အားကိုယူတဲ့အနေနဲ့ ၇၄၁ ခုနှစ်မှာ သူ့လက်အောက်ပြည်နယ်အသီးသီးမှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနဲ့ ခုနစ်ထပ်ဘုရားစေတီတစ်ဆူ တည်ထားကိုးကွယ်ဖို့ အမိန့်ပြန်တမ်းတစ်ရပ် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီထဲက တစ်ခုက အခုလက်ရှိ Vairocana Buddha လို့ခေါ်တဲ့ နာရာကြေးသွန်းဘုရားကြီးပဲ ဖြစ်ပါတယ်။ Vairocana Buddha ဆိုတာကတော့ စကြဝဠာဗုဒ္ဓဘုရားရှင်ကို ရည်ညွှန်းတယ်လို့ ဆိုပါတယ်။ သမိုင်းမှတ်တမ်းများအရ ၇၅၂ ခုနှစ်မှာ နာရာမြို့မှာ နာရာဘုရားကြီးရဲ့ မျက်စိတော်ဖွင့်လှစ်ခြင်းအခမ်းအနားကို အကြီးအကျယ် ဆင်ယင်ကျင်းပခဲ့တယ်လို့ ဆိုပါတယ်။ တိုးဒိုင်းဂျိဘုရားကျောင်းနဲ့ ရုပ်ပွားတော်ကြီးဟာ သမိုင်းတစ်လျှောက် ထိခိုက်ပျက်စီးခြင်းများနှင့် ကြုံတွေ့ခဲ့ရပြီး ပြန်လည်ပြုပြင်မွမ်းမံ ပြင်ဆင်ခဲ့ရပါတယ်။ ရုပ်ပွားတော်ကြီး၏ လက်ရှိ လက်တော်ပုံစံကို မိုမိုယာမခေတ်ကာလ (Momoyama period) (၁၅၆၈-၁၆၁၅) တွင် ပြုလုပ်ခဲ့ပြီး ဦးခေါင်းတော်ပုံစံကို အဲဒိုခေတ် (Edo period) (၁၆၁၅-၁၈၆၇)တွင် ပြုလုပ်စီရင်ခဲ့တယ်လို့ သိရပါတယ်။ ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်ရာ ခန်းမကြီးဟာ ၁၁၈၀ ပြည့်နှစ်တွင် မီးသင့်ခဲ့ပြီး ၁၅၆၇ ခုနှစ်တွင် နောက်တစ်ကြိမ် မီးဘေးကြုံတွေ့ခြင်းခံရပါတယ်။ ယနေ့လက်ရှိ မြင်တွေ့နေရတဲ့ ခန်းမကြီးမှာ တတိယအကြိမ် အဲဒိုခေတ်ကာလက ပြန်လည်ဆောက်လုပ်ခဲ့တာဖြစ်ပြီး နဂိုမူလရှိခဲ့တဲ့ ခန်းမဆောင်ကြီးထက် ၃၃ ရာခိုင်နှုန်း သေးငယ်ကြောင်းလည်း မှတ်တမ်းများမှာ တွေ့ရှိရပါတယ်။ သို့နှင့်တိုင် ရုပ်ပွားတော်ကြီး တည်ရှိရာ လက်ရှိခန်းမဆောင်ကြီးဟာ ကမ္ဘာ့အကြီးမားဆုံးသစ်သားခန်းမအဆောက်အဦများ စာရင်းဝင်ပါတယ်။



နာရာမြို့မှ တိုးဒိုင်းဂျိဘုရားကျောင်း။

**ကိုယ်တွေ့ တိုးဒိုင်းဂျိဘုရားကျောင်း**

တိုးဒိုင်းဂျိဘုရားကျောင်းဟာ နာရာပန်းခြံအတွင်းမှာပဲရှိတာကြောင့် အလွယ်တကူ ရှာဖွေရောက်ရှိနိုင်ပါတယ်။ ဘုရားကျောင်းအဝင်လမ်းမှာလည်း စားသောက်ဆိုင်ငယ်၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်၊ ဈေးဆိုင်ခန်းများရှိပြီး လမ်းတစ်လျှောက် ခရီးသွားများ၊ သမင်ငယ်များနဲ့ အထူးစည်ကားနေတတ်ပါတယ်။ လူအများနဲ့ ရောနှောသွားလာနေတဲ့ သမင်များကို ရှောင်ရှားရင်း ယူနက်စကို အသိအမှတ်ပြုကမ္ဘာ့ကျော် တိုးဒိုင်းဂျိဘုရားကျောင်း မုခ်ဦးကြီးဆီ ရောက်သွားပါတယ်။ မုခ်ဦးကြီးကို ကျော်လိုက်တာနဲ့ သာယာလှပတဲ့ ဘုရားကျောင်းဝင်းကို သစ်ပင်ပန်းမန်များ၊ အသင့်အတင့်ကြီးမားတဲ့ရေကန်တစ်ခုနဲ့အတူ တွေ့ရပါတယ်။ ကျောင်းဝင်းအတွင်းမှာ သမင်အများအပြား ကျက်စားနေတာလည်း တွေ့ရပါတယ်။ အဲဒီ ဘုရားကျောင်းဝင်းအတွင်း ဝင်ရောက်တဲ့ အထိက ဝင်ကြေးမပေးရပါဘူး။ ဘုရားကျောင်းဝင်းအဆုံးအထိ ဆက်လျှောက်သွားရင် နာရာဘုရားကြီး ကိန်းဝပ်ရာ တိုးဒိုင်းဂျိဘုရားကျောင်းအတွင်းကို ဝင်ရောက်ဖို့ လက်မှတ်ဝယ်ရပါတယ်။ ဝင်ကြေးတစ်ယောက်ကို ယန်း ၆၀၀ ကျသင့်ပါတယ်။ လက်မှတ်ကောင်တာကိုကျော်ပြီး ဘုရားကျောင်းဆီဆက်သွားရပါတယ်။ ကြီးမားလှတဲ့ သစ်သားဘုရားကျောင်းကြီးဟာ အတွင်းခပ်လှမ်းလှမ်းမှာ တည်ရှိပါတယ်။ သူ့ရှေ့က မြေကွက်လပ်ပြင်ကျယ်ကိုဖြတ်ပြီး အဝေးကလှမ်းကြည့်ရတာ အနောက်နိုင်ငံတွေ၊ ဥရောပနိုင်ငံတွေမှာ တွေ့မြင်ရလေ့ရှိတဲ့ ရှေးစံအိမ်တော်ကြီးတစ်ခု၊ ရဲတိုက်ကြီးတစ်ခုကို မြင်တွေ့နေရသလိုခံစားရပါတယ်။ ဘုရားကျောင်းတံခါးမကြီးအနီးမှာ ဗုဒ္ဓဘုရားရှင်ရဲ့ တပည့်သာဝက ၁၆ ပါးထဲက တစ်ပါးဖြစ်တဲ့ Pindolabhāradvāja ရဲ့ မျက်လုံးပြောက်ပက်ကြောက်မက်ဖွယ် အရိုးစုဆန်ဆန် မျက်နှာတော်အသွင် သစ်သားနဲ့ပြုလုပ်ထားတဲ့ ထိုင်တော်မူရုပ်တုတော် (Binzuru) ကို တွေ့ရပြီး လူအချို့ ထိတွေ့ကိုင်တွယ်ဆုတောင်းနေတာ တွေ့ရပါတယ်။ တံခါးမကြီးကနေ အတွင်းကို လှမ်းကြည့်တော့ အတွင်းပိုင်းဟာ ခပ်မှောင်မှောင် ရှိလှပါတယ်။ လူတွေဟာ ပွဲတော်တစ်ခုဆီ လာရောက်သည့်အလား အဆက်မပြတ် ဝင်ရောက်လာနေကြပါတယ်။ တံခါးမကြီးကျော်ပြီး အတွင်းဝင်လိုက်တာနဲ့ အတွင်းခန်းမဆောင် ပလ္လင်တော်အထက်မှာ ခံ့ညားသပ္ပာယ်စွာ ကိန်းဝပ်စံပယ်နေတဲ့ နာရာကြေးသွန်းရုပ်ပွားတော်ကြီးကို ဖူးတွေ့ရတယ်။

**ကိုယ်တွေ့နာရာဘုရားကြီး**

နာရာဘုရားကြီးကို ပလ္လင်ထက်မှာ ညာဘက်လက်ဖဝါးမြှောက်လျက် ထိုင်တော်မူ အနေအထားနဲ့ တွေ့ရပါတယ်။ ရုပ်ပွားတော်ကြီးရဲ့ နောက်ဘက်မှာ ရွှေရောင်အကာအရံတစ်ခုရှိပြီး အဲဒီမှာအရွယ်အစား သေးငယ်တဲ့ ဗုဒ္ဓရုပ်ပွားတော် ၁၀ ဆူမက ဝန်းရံချိတ်ဆွဲထားတာ တွေ့ရပါတယ်။ အနီးဘေးဘယ်ညာမှာလည်း အရွယ်အစားကြီးလှတဲ့ အရံရွှေရောင် ရုပ်ပွားတော်နှစ်ဆူကို တွေ့ရပါတယ်။ ကျောင်းဆောင်အတွင်းထောင့်များမှာ လူတစ်ရပ်မက ကြီးမားလှတဲ့ ဓား၊ လှံများကိုင်စွဲထားတဲ့ နတ်ရုပ်သဖွယ် အစောင့်ရုပ်တုကြီးအချို့ကိုလည်း တွေ့ရပါတယ်။ ဘုရားကြီးနောက်ထောင့်တစ်နေရာက ရုပ်တုကြီးတစ်ခုအနီးက သစ်သားတိုင်ကြီးတစ်ခုအောက်ခြေမှာ လူတစ်ကိုယ်ဝင်စာအပေါက်ဖောက်ထားပြီး အဲဒီအပေါက်ထဲကို လူအချို့တိုးဝင်ပြီး တစ်ဖက်က ပြန်ထွက်၊ ကျန်လူတွေက ဝိုင်းဝန်းအားပေးနေတာ တွေ့ခဲ့ရပါတယ်။ စာရေးသူအမြင်မှာတော့ ရုပ်တုတော်ကြီးဟာ အညိုထက် အမည်းရောင်ဘက် ပိုများပါတယ်။ အတွင်းမှာလည်း ခပ်မှောင်မှောင်ရှိလာတာမို့ ကြည့်ရှုလေ့လာဖူးမြော်သူတွေ အတိတ်ရှေးရာစုနှစ် တစ်ချိန်ဆီ ပြန်လည်ရောက်ရှိသွားသည့်အလား ခံစားစိတ် ဖြစ်ပေါ်စေပါတယ်။ ဘုရားကြီးအရှေ့မှာ နေရာအကျယ်အဝန်း သိပ်မရှိလှဘဲ လူတွေ ထိုင်ပြီးဝတ်ပြုဆုတောင်းဖို့ နေရာမထားရှိတာ သတိပြုမိပါတယ်။ ဘုရားဖူးအချို့ မတ်တတ်ရပ်ဆုတောင်းဝတ်ပြုနေကြတာ တွေ့ရပါတယ်။

တိုးဒိုင်းဂျိဘုရားကျောင်း တရားဝင် အချက်အလက်များအရ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီး (နာရာဘုရားကြီး) အမြင့်က ၁၄၉၈ စင်တီမီတာ (၄၉ ဒသမ ၁၅ ပေ) (အောက်ခြေပလ္လင်တော်အပါအဝင်ဆိုရင် ၅၉ ပေ ဝန်းကျင် အမြင့်ရှိပါတယ်)၊ မျက်နှာတော်ရဲ့ အလျားက ၅၃၃ စင်တီမီတာ(၁၇ ဒသမ ၄၉ ပေ)၊ မျက်နှာတော်ရဲ့အနံက ၃၂၀ စင်တီမီတာ (၁၀ ဒသမ ၅၀ ပေ)၊ မျက်စိတော်ရဲ့ အလျားက ၁၀၂ စင်တီမီတာ(၃ ဒသမ ၃၅ ပေ)၊ နှာခေါင်းတော်ရဲ့ အနံက ၉၈ စင်တီမီတာ (၃ ဒသမ ၂၂ ပေ)၊ ပါးစပ်တော်ရဲ့ အလျားက ၁၃၃ စင်တီမီတာ(၄ ဒသမ ၃၆ ပေ)၊ နားရွက်တော်ရဲ့ အလျားက ၂၅၄ စင်တီမီတာ (၈ ဒသမ ၃၃ ပေ)၊ လက်ဖဝါးတော်ရဲ့ အလျားက ၁၄၈ စင်တီမီတာ(၄ ဒသမ ၈၆ ပေ)၊ လက်ခလယ်ရဲ့ အရှည်က ၁၀၈ စင်တီမီတာ (၃ ဒသမ ၅၄ ပေ)၊ ထိုင်လျက်အနေအထားဖြင့် ခြေထောက်တော်များ၏ ဒု (အထူ)က ၃၇၄ စင်တီမီတာ (၁၂ ဒသမ ၂၇ ပေ)၊ ဒူးခေါင်းတော် (ပေါင်ခွင်)အထူက ၂၂၃ စင်တီမီတာ (၇ ဒသမ ၃၂ပေ)၊ ကြေးနီဖြင့် ပြုလုပ်ထားသော ပုလ္လင်တော်အမြင့်က ၃၀၄ စင်တီမီတာ (၉ ဒသမ ၉၇ ပေ)၊ ကြေးနီပလ္လင်အောက်ရှိ ကျောက်သားပလ္လင်တော်အမြင့်က ၂၅၂-၂၅၈ စင်တီမီတာ (၈ ဒသမ ၂၇- ၈ ဒသမ ၄၆ ပေ) ရှိပါတယ်။ ရုပ်ပွားတော်ကြီးရဲ့ အလေးချိန်ဟာ တန် ၂၅၀ လောက်ရှိတယ်လို့လည်း သိရှိရပါတယ်။ (အချို့သတင်းအချက်အလက်တွေမှာ အလေးချိန်ကိုတန် ၅၀၀ လို့ ဖော်ပြထားလို့ ပလ္လင်တော်အလေးချိန်ပါ ထည့်သွင်းတွက်ချက်ထားတယ်ထင်ပါတယ်)

တိုးဒိုင်းဂျိဘုရားကျောင်းမှာ တစ်နာရီခန့် လေ့လာပြီး အဲဒီကနေ ကိုဖုခုဂျိဘုရားကျောင်း (Kofukuji Temple) ဘက်ကို ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ။



# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကလေးစာပေပွဲတော်(မြန်အောင်)ဖွင့်ပွဲ တက်ရောက်

**မြန်အောင် ဇန်နဝါရီ ၁၃**
မြန်အောင်မြို့နယ် ကလေးစာပေပွဲတော်(မြန်အောင်) စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက မြန်အောင်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က မြန်အောင်မြို့နယ်ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများဖြစ်လာစေရန်၊ အများစုပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်၊ ကလေးသူငယ်များရင်ထဲတွင် သိချင်သည့်စိတ်၊တတ်ချင်သည့်စိတ်၊ လေ့လာသင်ယူချင်သည့်စိတ်များ တစ်သက်တာ ကိန်းအောင်းပေါ်ပေါက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များသည် ကလေးစာပေပွဲတော် (မြန်အောင်)၌ ခင်းကျင်းပြသထားသည့် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ကလေးစာဖတ်ခန်း၊ ပြိုင်ပွဲများ၊ မြန်အောင်ရေနံမြေပညာရေး၊ ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုသရေး၊ စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးပြခန်းနှင့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းပြခန်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ယူနီကုတ်စနစ်ပြောင်းလဲရေး ဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်နေမှုများ၊ အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကလေးစာပေပွဲတော် (မြန်အောင်)ကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ-နီပေါ ခရီးသွားသံတမန်ခန့်အပ်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၃**
ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ဗိုလ်ချုပ်ပန်းခြံရှိ ရေပေါ်အားကစားကွင်းတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၆ နာရီက မြန်မာ – နီပေါ သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့်နှင့်၂၀၂၀ နီပေါ ခရီးသွားနှစ်အထိမ်းအမှတ် မြန်မာ–နီပေါချစ်ကြည်ရေးနှင့် ခရီးသွားသံတမန်များအား ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပသည်။

နီပေါသံအမတ်ကြီးက ယနေ့ကျင်းပသော အခမ်းအနားသည် နီပေါနိုင်ငံ နှင့် မြန်မာနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ် (၆၀) ပြည့်စိန်ရတု အထိမ်းအမှတ်အဖြစ် နီပေါနိုင်ငံ၏ ခရီးသွားနှစ် ၂၀၂၀ အတွက် မြန်မာ – နီပေါ ခရီးသွားသံတမန် ခန့်အပ် ပွဲဖြစ်ကြောင်း၊ ယခုဆိုလျှင် နီပေါနိုင်ငံ အပြည်ပြည်ဆိုင် ရာ လေယာဉ်ကွင်းကြီးကို တည်ဆောက်နေရာ မကြာမီ ပြီးစီးတော့မည်ဖြစ်၍ အချိန်အနည်းငယ်အတွင်း ကုန်ကျစရိတ် နည်းနည်းနှင့် သွားရောက်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရီးသွားကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍတွင်ရှိ၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကလည်း နိုင်ငံတကာသို့ သွားရောက်မည့် ခရီးသွားများနှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်မည့်သူများအတွက် ပြင်ဆင်ဆောင်ရွက်နေကြောင်းနှင့် မြန်မာ – နီပေါ သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့်နှစ်မှသည် နောင်နှစ်ပေါင်းများစွာ အစွန့်ရှည်တည်တံ့ပါစေကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သံအမတ်ကြီးတို့က မြန်မာ – နီပေါ ချစ်ကြည်ရေးနှင့် ခရီးသွား သံတမန်များဖြစ်သည့် ဦးအိုက်ထွန်း၊ ဒေါ်နီနီ နှင့် သရုပ်ဆောင် ယွန်းယွန်းတို့အား ဂုဏ်ပြုလက်မှတ်ပေးအပ်ခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**



# လဟယ်မြို့၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**လဟယ် ဇန်နဝါရီ ၁၃**
နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၁၂ ရက်မှ စတင်ပြီး ဇန်နဝါရီ ၁၅ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ တာလံရပ်ကွက်ရှိ ရွှေပြည်သာအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းအောင်ထံမှ သိရသည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အဖြစ် မီနီမာရသွန်၊ ပိုက်ကျော်ခြင်း(ကျား)၊ ဘော်လီဘော (ကျား)၊ လွန်ဆွဲ(ကျား)၊ သံလုံးပစ်(ကျား)၊ ရိုးရာနပန်းသတ်၊ ရိုးရာထင်းဖြတ်/ထင်းခုတ် စသည့်ပြိုင်ပွဲများကို ဒေသခံများအပြင် ပွဲတော်လာဧည့်ပရိသတ်များက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး ပြိုင်ပွဲများအလိုက် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့ပြင် နေ့စဉ်ညတိုင်း ရွှေပြည်သာအားကစားကွင်း၌ ဆွမ္မရာခေတ်ပေါ်တေးဂီတတီးဝိုင်းအဖွဲ့နှင့် ဒေသခံအဆိုတော်များက ရိုးရာအကများဖြင့် ဧည့်ပရိသတ်တို့အား ဧည့်ခံဖျော်ဖြေပေးလျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လဟယ်၊ လေရှီး၊ နန်းယွန်း၊ ထန်ပါခွေ၊ ပန်ဆောင်၊ ဆွမ္မရာ၊ ဒုံဟီး စသည့်မြို့နယ်များအတွက် ပြည်တွင်းနှင့်ပြည်ပမှ ဘောလုံး ၇၇ လုံးနှင့် ဘောလုံးပိုက် ခုနစ်ခု၊ ဘော်လီဘော ၂၇ လုံးနှင့် ဘော်လီဘောပိုက် ခုနစ်ခု၊ ပိုက်ကျော်ခြင်း ၇၇ လုံးနှင့် ပိုက်ကျော်ခြင်းပိုက် ခုနစ်ခု စသည့်အားကစားပစ္စည်းများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် ပွဲတော်စည်ကားသိုက်မြိုက်စွာ ပျော်ရွှင်စေရေးနှင့် မျိုးဆက်သစ်အားကစားသမား ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားပြိုင်ပွဲများကို လဟယ်မြို့အပြင် လေရှီးမြို့နှင့် နန်းယွန်းမြို့တို့တွင် နှစ်စဉ်ထည့်သွင်းကျင်းပပေးခြင်းဖြစ်သည်။

ထို့အပြင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြခန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြခန်း၊ ပညာရေးဆိုင်ရာပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်းများကို ခင်းကျင်းပြသထားပြီး နာဂရိုးရာလက်ရက်ကန်းအထည်နှင့် အခြားပစ္စည်းရောင်းဝယ်ရေးဆိုင်များ၊ အခြားလူသုံးကုန်ပစ္စည်းအရောင်းဆိုင်များအပြင် ရိုးရာယဉ်ကျေးမှု မီးပုံပွဲများ၊ မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လဟယ်မြို့တွင် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပွဲတော်သို့ ပြည်တွင်း ပြည်ပခရီးသွားများက လေကြောင်းခရီးဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ဟုမ္မလင်း၊ ခန္တီး စသည့်မြို့ကြီးများမှတစ်ဆင့် လဟယ်မြို့သို့လည်းကောင်း၊ ကုန်းကြောင်းခရီးဖြင့်လည်း ခန္တီးမြို့မှ အခြေပြု၍ ၅၆ မိုင်ကွာဝေးသော လဟယ်မြို့သို့ မော်တော်ယာဉ်များဖြင့် လာရောက်ပါဝင်နွှဲပျော်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



# လွယ်တိန်ခမ်းတောင်၌ ချယ်ရီပန်းများ နေရာအနှံ့ဖူးပွင့်

**မူဆယ် ဇန်နဝါရီ ၁၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ လွယ်တိန်ခမ်းတောင်၌ ရာသီအလိုက် ဖူးပွင့်ဝေဆာနေသည့် ချယ်ရီပန်းများနေရာအနှံ့တွင် ဖူးပွင့်ဝေဆာနေသည့် သဘာဝအလှတရားများကြောင့် သာယာလှပလျက်ရှိနေပြီး ရုံးပိတ်ရက်များနှင့် အလုပ်ပိတ်ရက်များတွင် လွယ်တိန်ခမ်းတောင် မဟာသန္တိသုခရပ်တော်မူဘုရားကို လာရောက်ဖူးမြော်သူများ၊ ချယ်ရီပန်း၏အလှပုံများကို လာရောက်ရိုက်ကူးသူများနှင့် လာရောက်လည်ပတ်သူများပြားလျက်ရှိသည်။

"ချယ်ရီပန်းပွင့်တဲ့ အချိန်ရာသီဖြစ်တဲ့အတွက် လွယ်တိန်ခမ်းတောင်မှာ လာရောက်လည်ပတ်သူတွေ အလွန်များလာပါတယ်၊ မဟာသန္တိသုခရပ်တော်မူဘုရားကို လာရောက်ဖူးမြော်သူတွေ၊ ချယ်ရီပန်းနဲ့အလှဓာတ်ပုံ လာရောက်ရိုက်ကူးသူတွေ၊ မိသားစုတွေနဲ့ လာရောက်အပန်းလာဖြေသူတွေတော်တော်များလာပါတယ်၊ အလုပ်ပိတ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေနေ့တွေမှာလာရောက်လည်ပတ်တဲ့သူတွေပိုများပါတယ်"ဟု မူဆယ်မြို့ လွယ်တိန်ခမ်းတောင်၌ ဈေးရောင်းနေသည့် ဒေါ်နန်းခွမ်ထွေးက ပြောသည်။

ချယ်ရီပန်းသည် အများပြည်သူကြိုက်နှစ်သက်သည့် ပန်းဖြစ်ပြီး ဆောင်းရာသီ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ချယ်ရီပန်းများ ဖူးပွင့်ဝေဆာလျက်ရှိသည်။အချိန်ရာသီနှင့် လိုက်လျောညီထွေစွာ ဖူးပွင့်လျက်ရှိသည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# အက်သလက်တီကိုမက်ဒရစ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း စပိန်စူပါဖလား ဆွတ်ခူး

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ဟာ စပိန်စူပါဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရီးယဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရရှိခဲ့ကာ စပိန်စူပါဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ဟာ သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့အပြင် အချိန်ပို မိနစ် ၃၀ မှာလည်း ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာမှာ ရီးယဲလ်မက်ဒရစ်အသင်းက ကာဗာဂျယ်၊ ရိုဒရီဂို၊ လူကာမိုဒရစ်နဲ့ ရာမို့စ်တို့ ပင်နယ်တီသွင်းဂိုးတွေ အသီးသီးဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ပေမယ့် အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ ဆာအူးလ်နီဂတ်ဇ်နဲ့ သောမက်စ်တို့ဟာ ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက လေးဂိုး–တစ်ဂိုးနဲ့ အနိုင်ရပြီး စပိန်စူပါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်စူပါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပေမယ့် အသင်းအတွက်အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ဗယ်လ်ဗာဒီကတော့ ပွဲကစားချိန် ၁၁၅ မိနစ်မှာ တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

ငွေကြယ်- စုစည်းသည်



## မန်ယူအသင်းက ဘရူနိုဖာနန်ဒက်ဇ်ကို ပေါင် ၆၅ သန်းနဲ့ ခေါ်ယူမည်

မန်ယူအသင်းဟာ စပို့တင်းလစ္စဘွန်းအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်ကို အခုတစ်ပတ်အတွင်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းနဲ့ ခေါ်ယူသွားမယ်လို့လည်း ဆိုပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားအနေနဲ့ ကွင်းလယ်ပိုင်းမှာ အဓိကအားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ ပေါ့ဘာနဲ့ အမ်တိုမီနေးတို့ ဒဏ်ရာပြဿနာအသီးသီးရရှိထားတာကြောင့် အခု ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ကွင်းလယ်ကစားသမားကို အဓိကထားခေါ်ယူသွားဖို့လည်း စီစဉ်နေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက စပို့တင်းလစ္စဘွန်းအသင်းအတွက် ၃၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး အခုနှစ်ဘောလုံးရာသီမှာတော့ ၂၄ ပွဲပါဝင်ကစားပေးခဲ့ပြီးချိန်မှာ ၁၅ ဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။ အဲဒါကြောင့် ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်ကို မန်ယူအသင်းအပြင် စပါးအသင်းကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပါတယ်။

## ခရစ္စတယ်ပဲလေ့အသင်းနဲ့ လာဇီယိုအသင်းတို့က မန်ယူနောက်ခံလူ အက်ရှ်လေယန်းကို ခေါ်ယူရန်စီစဉ်နေ

ခရစ္စတယ်ပဲလေ့အသင်းနဲ့ အီတလီစီးရီးအေကလပ် လာဇီယိုအသင်းတို့ဟာ မန်ယူအသင်းရဲ့ နောက်တန်းကစားသမား အက်ရှ်လေယန်းကိုခေါ်ယူဖို့ ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

နောက်တန်းကစားသမား အက်ရှ်လေယန်းကို မန်ယူအသင်းက စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့စီစဉ်နေတာဖြစ်ပြီး ခရစ္စတယ်ပဲလေ့အသင်း၊ လာဇီယိုအသင်းတို့နဲ့အပြိုင် အင်တာမီလန်အသင်းကလည်း ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ သိရပါတယ်။

အင်တာမီလန်အသင်းနည်းပြ ကွန်တီဟာ အီတလီစီးရီးအေမှာ ၁၈ လစာချုပ်နဲ့ လာရောက်ကစားဖို့ အက်ရှ်လေယန်းကို ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

## အနုပညာ



# EXO အဖွဲ့ဝင် ချန်း လက်ထပ်တော့မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းဟာ နှစ်သစ်မှာ ပရိသတ်တွေကို မင်္ဂလာသတင်းနဲ့အတူ အံ့အားသင့်စေခဲ့တာ ဖြစ်ပါတယ်။ ချန်းက သူဟာ လက်ထပ်တော့မှာဖြစ်ကြောင်း လက်ရေးစာမူတစ်စောင်ရေးသားကာ ပရိသတ်ကို အသိပေးခဲ့ပြီး ဒီသတင်းတွေ မှန်ကန်ကြောင်းလည်း အေဂျင်စီက အတည်ပြုခဲ့ပြီးဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇန်နဝါရီ ၁၃ ရက် မှာ ချန်းက သူ့ရဲ့လူမှုကွန်ရက် စာမျက်နှာပေါ်မှာ မင်္ဂလာပွဲ ကျင်းပတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက် အဖွဲ့ရဲ့အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်ကလည်း ဒီသတင်းတွေ မှန်ကန်ကြောင်းအတည်ပြုခဲ့ပါတယ်။ နောက်ပိုင်းမှာ ချန်းရဲ့သတို့သမီးဟာ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း သတင်းတွေ ထပ်မံပေါ်ထွက်လာခဲ့ရာ အေဂျင်စီက အဆိုပါသတင်းတွေ မှန်ကန်ကြောင်း ထပ်မံအတည်ပြုခဲ့ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ ချန်းရဲ့သတို့သမီးဟာ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်ကြောင်း၊ ဒါကြောင့် ပုဂ္ဂိုလ်ရေးအချက်အလက်တွေကို အသေးစိတ်ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိကြောင်းနဲ့ ပရိသတ်တွေရဲ့ ဆုတောင်းပေးမှုတွေကိုလိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါ့အပြင် မင်္ဂလာပွဲကို နှစ်ဖက်အသိုင်းအဝိုင်းနဲ့ တိတ်တဆိတ်ကျင်းပသွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ချန်းက မင်္ဂလာသတင်းထုတ်ဖော်ပြောကြားခဲ့ပြီး သူ့ကို နားလည်ပေးကြတဲ့ ပရိသတ်တွေနဲ့ အခြားသောအဖွဲ့ဝင်တွေကို ကျေးဇူးတင်ရှိကြောင်း၊ သူဟာ ယခင်ကလို အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်ရင်း ပရိသတ်တွေရဲ့ ချစ်ခင်အားပေးမှုတွေကို တုံ့ပြန်ပေးသွားမှာဖြစ်ကြောင်းလည်း သူ့ရဲ့လက်ရေးစာမူမှာ ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

# မြေအောက်ရထားစီးခဲ့တဲ့ ဗွီ





တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗွီရဲ့ မြေအောက်ရထားပေါ်မှာ ရိုက်ကူးထားတဲ့ ဓာတ်ပုံဟာ လတ်တလောမှာ လူမှုကွန်ရက်မီဒီယာပေါ်မှာ ပျံ့နှံ့နေခဲ့ကြောင်း အောကေပေ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဗွီဟာ မြေအောက်ရထားကို လက်မှတ်ဝယ်ကာ စီးခဲ့ကြောင်း သူဝယ်ယူခဲ့တဲ့ လက်မှတ်ကိုလည်း သူ့ဓာတ်ပုံနဲ့အတူ တွဲဖက်ဖော်ပြခဲ့ပါတယ်။ ပရိသတ်တွေက ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးအနေနဲ့ မြေအောက်ရထားကို လက်မှတ်ဝယ်ကာ စီးခဲ့တဲ့အပေါ် အံ့ဩမိကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

သာမန်နေထိုင်မှုဘဝကို နှစ်သက်ပုံရတဲ့ ဗွီအတွက်တော့ မြေအောက်ရထားစီးခဲ့တာ ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ BTS အဖွဲ့ ယခုလောက်မကျော်ကြားမီအချိန်ကလည်း သူဟာ ရင်းနှီးတဲ့သူငယ်ချင်းတစ်ဦးဖြစ်သူ မင်းသား ပါ့ခ်ဘိုဂန်းနဲ့အတူ မြေအောက်ရထားစီးခဲ့ပုံကို ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့ကြဖူးကြောင်းလည်း သိရပါတယ်။

## လဟယ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၅၈ ကတ် ပေးအပ်



**လဟယ် ဇန်နဝါရီ ၁၃**

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ အခြေခံပညာအထက်တန်းကျောင်း ဖေယျာသီရိကျောင်းဆောင်(၂)၌ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ဇန်နဝါရီ ၁၃ ရက် နံနက်က နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၅၈ ကတ် ပေးအပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူက နာဂဒေသအတွင်းမှာ နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို တည်ဆဲမြန်မာနိုင်ငံသားဥပဒေနဲ့အညီ စိစစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံသားများအဖြစ် အသိအမှတ်ပြုခဲ့လို့ ဒေသအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ ၃၁၀ နှင့် အသက်(၁၀)နှစ်ပြည့် ကျောင်းသားကျောင်းသူ ၃၄၈ ဦးတို့အား တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူ၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းမွေးမွေးခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင်၊ နာဂဒေသ ဦးစီးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့သည်။

အဆိုပါ ပေးအပ်ခြင်းကို နိုင်ငံသားစိစစ်ရေးကတ်ပြား ရသင့်ရထိုက်သူများ လက်ဝယ်အရောက် ကတ်ပြားများရရှိရေး ဆောင်ရွက်ပေးခြင်းဖြစ်ပြီး နာဂတောင်တန်းမှာ နေထိုင်သည့် တိုင်းရင်းသားများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ရုံးသို့ ကိုယ်တိုင် မဆောင်ရွက်နိုင်သည့် နေရာများကို ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**စနေမောင်(ခန္တီး)**



## တရားစီရင်ရေးကျင့်ဝတ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ဟားခါး ဇန်နဝါရီ ၁၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဒိန်းမတ်-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် တရားစီရင်ရေးကျင့်ဝတ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲက ဟားခါးမြို့ CACC ခန်းမ၌ ကျင်းပသည်။

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က တရားရေးအရာရှိများအနေဖြင့် တစ်ဦးချင်းစီအတွက် မရှိမဖြစ်လိုအပ်သော Code of Judicial Ethics ပါ သတ်မှတ်ဖော်ပြချက်များကို အစဉ်သိရှိလိုက်နာစောင့်ထိန်းရမည်ဖြစ်ကြောင်း၊ သို့မှသာ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိပြီး ဂုဏ်သိက္ခာရှိရှိဖြင့် သာတူညီမျှမှု၊ သမာသမတ်ကျမှုကို အခြေခံလျက် ဖြောင့်မတ်တည်ကြည်စွာ ဥပဒေနှင့်အညီ အမှုများကို လွတ်လပ်စွာ စစ်ဆေးစီရင်နိုင်စွမ်းရှိသော တရားသူကြီးကောင်းတစ်ဦး မလွဲဧကန်ဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျင့်ဝတ်သမိုင်းကြောင်း၊ ရည်ရွယ်ချက်၊ တရားစီရင်ရေးကျင့်ဝတ်အခန်းကဏ္ဍနှင့် အရေးပါမှု၊ တရားသူကြီးများကျင့်ဝတ်ဆိုင်ရာ အခြေခံမူများအား လက်တွေ့လေ့ကျင့်ခန်းများ၊ ဆွေးနွေးမှုများဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

## ကလေးသူငယ်အခွင့်အရေးပညာပေး

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသီဟစိုးက အဖွင့်အမှာစကားပြောကြားပြီး ကလေးသူငယ်လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

**မောင်ဦး (အလုံ)**

## ဝိုင်တရားမဝင် တင်သွင်းမှုကြောင့် အခွန်အခများနစ်နာ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပြည်ပမှဝိုင်ကို တရားမဝင်တင်သွင်းမှုကြောင့် နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သောအခွန်အခများ မရရှိဘဲ နစ်နာဆုံးရှုံးလျက်ရှိကြောင်း ဇန်နဝါရီ ၁၃ ရက်က မြန်မာနိုင်ငံ ယမကာထုတ်လုပ်သူများအသင်း၏ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"နယ်စပ်တွေကနေတစ်ဆင့် အခွန်အခတွေ မပေးဆောင်ဘဲ တရားမဝင်တင်သွင်းနေတာတွေ့နေရပါတယ်။ ပို့ကုန်ပဲဖြစ်ဖြစ်၊ သွင်းကုန်ပဲဖြစ်ဖြစ် အားလုံးက တစ်သမတ်တည်းနဲ့ တန်းတူညီမျှမှု လိုအပ်ပါတယ်။ ဒါမှသာ ဈေးကွက်အတွင်းမှာ အခွန်ဆောင်တဲ့ ပြည်တွင်းထုတ်လုပ်သူတွေနဲ့ ရောင်းချသူတွေအတွက် မျှတတဲ့ယှဉ်ပြိုင်မှုမျိုး ဖြစ်လာမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ယမကာထုတ်လုပ် ဖြန့်ဖြူးသူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းသော်က ပြောသည်။

**မြင့်မောင်**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနေရာနှစ်ခုသို့ ပြည်တွင်း ပြည်ပခရီးသွား ၁၉၇၆ ဦး ဝင်ရောက်လည်ပတ်

**မုံရွာ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့အတွင်းရှိ နွယ်ငြိမ်းကျေးရွာနှင့် ဝက်လက်မြို့နယ်အတွင်းရှိ အင်ဒေါင်းကျေးရွာတို့ရှိ ရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနေရာနှစ်ခုသို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် ၁၉၇၆ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

နွယ်ငြိမ်းရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင်မြန်မာ့ရိုးရာစဉ့်ထည်လုပ်ငန်းများကိုအသေးစိတ်လေ့လာနိုင်မည်ဖြစ်ပြီး အင်ဒေါင်းရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ဧရာဝတီလင်းပိုင်များကို လေ့လာနိုင်သည့်အပြင် ဧရာဝတီလင်းပိုင်နှင့် ဒေသခံရေလုပ်သားများ၏ ငါးဖမ်းသည့်အလေ့အထကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့အတွင်းရှိ နွယ်ငြိမ်းရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသို့ ပြည်တွင်းခရီးသွား ၁၀၀ နှင့် ပြည်ပခရီးသွား ၆၂၇ ဦးသည်လည်းကောင်း၊ အင်ဒေါင်းရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသို့ ပြည်တွင်းခရီးသွား ၈၃၄ ဦးနှင့် ပြည်ပခရီးသွား ဧည့်သည် ၄၁၅ ဦးတို့ ညအိပ်တည်းခိုလည်ပတ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**



## မြန်မာနိုင်ငံ၌ မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုသည် ဒုတိယအများဆုံးဖြစ်

**မန္တလေး ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုသည် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

"၂၀၁၉ ဒီဇင်ဘာလအထိ မန္တလေးတိုင်းဒေသကြီးရဲ့ ရင်းနှီးမြှုပ်နှံမှုက ဒုတိယအများဆုံးဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ သုံးဘီလီယံ (မြန်မာငွေကျပ် ၅၀ ဘီလီယံ) လောက် ရောက်နေပါပြီ" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ငါးသန်းနှင့်အောက် လုပ်ငန်းများနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ငွေကျပ်သန်း ၆၀၀၀ နှင့်အောက် လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုမိန့်များ လျင်မြန်စွာထုတ်ပေးခြင်းဖြင့် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ဆွဲဆောင်လျက်ရှိသည်။

"ဒီနှစ်ထဲမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ Investment Promotion Committee (IPC) ကို ဖွဲ့စည်းထားပါတယ်။ IPC ရဲ့ ပထမအကြိမ် အစည်းအဝေးက စက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်ရေးလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ လမ်းညွှန်ချက်တွေနဲ့ ဆက်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဆက်လက်ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ဝင်ရောက်လာသည့်အလျောက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးပေးနိုင်သလို ဒေသခံများ၏ စားဝတ်နေရေး ပြေလည်စေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများအတွက် များစွာအထောက်အကူပြုကြောင်း သိရသည်။

"ရင်းနှီးမြှုပ်နှံမှုတွေက နိုင်ငံပေါင်းစုံက လာတာများပါတယ်။ အရင်တုန်းကဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးက တရုတ်နိုင်ငံပေါ့။ ဒီနှစ်ဆိုရင် စင်ကာပူနိုင်ငံက ပထမဆုံးဖြစ်ပါတယ်။ စင်ကာပူဆိုတာက တော်တော်များများ တခြားနိုင်ငံတွေက ပေါင်းပြီးဝင်လာတာပါ" ဟု ၎င်းက ပြောသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၉ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၇ ဘီလီယံဖြင့်လည်းကောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇၉ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏကျပ် ၅၂၄၉ ဒသမ ၅၈ ဘီလီယံဖြင့်လည်းကောင်း လုပ်ငန်းများဆောင် ရွက်လျက်ရှိသည်။

ယခုအခါ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်မှစပြီး လုပ်ငန်းရှင်များအတွက် ပို၍လုပ်သာကိုင်သာရှိသည့် ကုမ္ပဏီဥပဒေအသစ်ကို စတင်ကျင့်သုံးနေကြောင်း၊ လက်ရှိအစိုးရသစ်မတိုင်မီက စီးဝင်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၃၅ ဒသမ ၇၄ ရာခိုင်နှုန်းရှိပြီး အစိုးရသစ်လက်ထက် ယနေ့အထိ စီးဝင်မှုမှာ ၆၄ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်သည့်အတွက် နှစ်ဆနီးပါးတိုးမြင့်မှုရှိကြောင်း သိရသည်။

အလားတူ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွင်လည်း အစိုးရသစ်လက်ထက်မတိုင်မီက ၃၄ ဒသမ ၃၆ ရာခိုင်နှုန်းရှိပြီး အစိုးရသစ်လက်ထက် ယနေ့အထိ စီးဝင်မှုမှာ ၆၅ ဒသမ ၆၄ ရာခိုင်နှုန်းဖြစ်သည့်အတွက် နှစ်ဆနီးပါး ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ခဲ့ကြောင်း သိရသည်။

**တင်ဇာလှိုင်**

# ရွှေးကောက်ပွဲဆိုင်ရာသင်တန်းများဖွင့်လှစ်ရေး လုပ်ငန်းများရှင်းလင်း



**ရန်ကုန် ဇန်နဝါရီ ၁၃**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နိုင်ရေးနှင့် သင်တန်းများဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းရှင်းလင်းပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည် (ခရိုင်တာဝန်ခံ)က တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းစဉ်များနှင့် တောင်ပိုင်းခရိုင်အတွင်း ရွေးကောက်ပွဲအောင်မြင်ရေးနှင့် မဲဆန္ဒရှင်များ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး မဲရုံနေရာ၊ မဲစာရင်းများ သတ်မှတ်ရေး သင်တန်းများဖွင့်လှစ်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်လှစ်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲအရာရှိများက လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး အစည်းအဝေး တက်ရောက်ကြသူများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း အားနည်းချက်၊ အားသာချက်များနှင့် သင်တန်းဖွင့်လှစ်ရေးလုပ်ငန်းများကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## သတင်းစုံကဏ္ဍ

### ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**ကျိုက်မရော ။ ။** ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက အထက ချောင်းနှစ်ခွ (ပညာရတနာ)ခန်းမ၌ ကျင်းပသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ် မြင့်မြင့်မော်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများကို အသိပညာ ပေးဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရေး အသိပညာပေး

**ရန်ကုန်။ ။** တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီက ဦးဆောင်၍ ပထမအကြိမ် နှစ်ဦးအကြို စုပေါင်းစက်ဘီးစီးနင်းပွဲနှင့် စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရေး အသိပညာပေးလှုပ်ရှားမှုကို ဇန်နဝါရီ ၁၂ ရက် နံနက် ၆ နာရီက တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာပန်းခြံရှေ့၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့် စက်ဘီးစီးနင်းသူ ၁၀၀၀ ခန့်က စက်ဘီးများတွင် စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရေး အသိပညာပေး ဆိုင်းဘုတ်များချိတ်ဆွဲ၍ စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။ **နေထက်အောင်**



ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ပေါင်မြို့နယ် ကဒုံစီးရပ်ကွက် အမက (ဒေးပိန် ၁)၌ ပေါင်မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းဇော်ဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက မူခင်းပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်စဉ်။ နန္ဒကျော်စွာ

# ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ လူစုလူဝေးစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်လှစ်

**ညောင်ဦး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးက လူစုလူဝေးများဖြစ်ပေါ်လာပါက စနစ်တကျ စီမံခန့်ခွဲတတ်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် လူစုလူဝေးစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၂၀) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးစိန်ဝင်းက ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ ဝန်ဆောင်မှုပေးရာတွင် အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်မြေအတွင်း ဥပဒေနှင့်ဆန့်ကျင်သည့် လူစုလူဝေးများဖြစ်ပေါ်လာပါက အန္တရာယ်ကင်းစွာစနစ်တကျ စီမံခန့်ခွဲသွားနိုင်ရန်အတွက် ရည်ရွယ်ပြီး ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးရခြင်း ဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချသင်ကြားပေးမည့် သင်ခန်းစာများကို ဂရုတစိုက် လေ့လာသင်ယူသွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

သင်တန်းနည်းပြများက ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးများနှင့်ပတ်သက်ပြီး အန္တရာယ်ကင်းစွာ စနစ်တကျ စီမံခန့်ခွဲခြင်းနည်းစနစ်များ၊ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ရဲတပ်ဖွဲ့၏ကျင့်ဝတ်ဆိုင်ရာများကို စာတွေ့လက်တွေ့ပို့ချသင်ကြားပေးသည်။

အဆိုပါသင်တန်းသို့ ညောင်ဦးခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့စခန်းများမှ အရာရှိနှင့် အခြားအဆင့် စုစုပေါင်းသင်တန်းသား တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ပြီး သင်တန်းအား ဇန်နဝါရီ ၂၄ ရက်အထိ ဖွင့်လှစ်ပို့ချသင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



FDP BANK

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် "အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder ဦးစိုင်းမျိုးဝင်းနှင့် "အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ" ဘွဲ့ကို ဇနီး ဒေါ်နန်းခင်မြင့်ရီ Senior Vice Chairman & Co-Founder တို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာ့အကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာ့ပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

FARMERS DEVELOPMENT PUBLIC BANK
(FDP BANK)
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မြင့်

**Founder & Director (ရွှေပြည်နန်းကုမ္ပဏီလုပ်ငန်းစု)**

### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ်(၂၈-F)နေ [ဦးရွှေပု(ပါဝါအလှကုန်)-ဒေါ်စွမ်တီ]တို့၏သား၊ [ဦးရှင်(ရွှေဟသ်ာမန္တလေးဖိနပ်ဆိုင်)-ဒေါ်မုန်း]တို့၏ သားသမက်၊ ဒေါ်ကြည်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းနိုင်(Managing Director, Shwe Pyi Nann Co., Ltd၊ တွဲဖက်အထွေထွေအတွင်းရေးမှူး-၂၊ မြန်မာနိုင်ငံအလှကုန်အသင်း၊ ဒုဥက္ကဋ္ဌ- မြန်မာနိုင်ငံသနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ဒုဥက္ကဋ္ဌ- မြန်မာနိုင်ငံအလှကုန်အသင်း၊ ဒုဥက္ကဋ္ဌ- မြန်မာနိုင်ငံ Bar Code Association)၊ ဦးမျိုးသွင်(Managing Director, Beauty City/ Nature Republic၊ ဒုဥက္ကဋ္ဌ-မြန်မာနိုင်ငံအလှကုန်အသင်း၊ EC, ရွှေပါရမီပညာရေးဖောင်ဒေးရှင်း/Soy Hearts)-ဒေါ်ခိုင်စုမွန်(Nail Diary)၊ ဦးခင်မောင်ဝင်း(ခ)အဆိုတော်ရိုဇန် (Moon House Construction)-ဒေါ်အိမွန်ခိုင်၊ ဒေါက်တာကြည်မင်း(စိန်ရွှေပွားအထည်ဆိုင်)-ဒေါ်ဇင်မာ(Shwe Pyi Nann Gems & Jewellery)တို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၃-၁-၂၀၂၀ ရက် နံနက် ၁:၁၂ နာရီတွင် အာယုနိုင်ငံတကာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်မြင့်

### အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သမိုင်း၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၈)နေ (ဦးခင်မောင်-ဒေါ်ခင်စိန်)တို့၏ သားကြီး၊ (ဦးယူစွန်စီ-ဒေါ်စွန်ယူကျင်)တို့၏ သားသမက်၊ ဦးခင်မောင်သန်း-ဒေါ်ခင်မာအေး၊ ဖေ၊ (ဦးခင်မောင်ထွန်း)-ဒေါ်နန်းဌေးယဉ်၊ ဦးသော်ဇင်-ဒေါ်တင်တင်လှ၊ ဦးခင်မောင်သိန်း-ဒေါ်ခင်မြအေး၊ ဦးခင်မောင်ဌေး-ဒေါ်သက်သက်၊ ဦးလှသိန်းအောင်-ဒေါ်စိမ်းစိမ်းလှတို့၏အစ်ကို၊ ဒေါ်လှရီ၏ခင်ပွန်း၊ တူ/တူမ ၁၂ ယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သမိုင်း၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးမြင့်အောင်(ခ)ကိုမျိုး

### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာနေ [ဒု-ဗိုလ်မှူးကြီးအောင်ကျော်ဇံ(ငြိမ်း)] - ဒေါ်မြင့်မြင့်ဇံတို့၏ သား၊ (ဗိုလ်မှူးချုပ် L ကွန်ဖန်-ဒေါ်ညွန့်ညွန့်မာ)တို့၏ သားသမက်၊ ဒေါ် L ဒွဲရာ၏ခင်ပွန်း၊ မောင်ဆတ်ကိုကိုလင်း၊ မောင်ရဲရင့်အောင်တို့၏ ဖခင်၊ (ဦးဇော်ဝင်း)-ဒေါ်ခင်နွယ်အောင်တို့၏ မောင်၊ ဦးစိုးမြင့်အောင်-ဒေါ်ခင်မြအေး၊ ဦးသန့်ဇင်ထွန်း(C/E M.T.M Maritime Centre)၊ ဗိုလ်မှူးဒေါ်ခင်လှဲ့လှဲ့အောင် (အမှတ်-၅၊ ခတင် ၁၀၀၊ မြိတ်)၊ ဦးအောင်ကိုကိုဦး (L.G Co.,Ltd.)-ဒေါ်ခင်နီလာအောင်၊ ဦးရန်နိုင်အောင်-ဒေါ်ခင်မာသွယ်၊ ဒေါ်ခင်နုနုအောင် (မြန်မာ့ကျောက်မျက်)တို့၏ အစ်ကိုကြီးသည် ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်မောင်သန့် (တွဲဖက်ပါမောက္ခ၊ ဟော်မုန်းရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏ မိခင်ကြီး ဒေါ်ခင်မေအေး အသက်(၈၃)နှစ် (ဌာနမှူး-ငြိမ်း၊ အင်္ဂလိပ်စာဌာန၊ မော်လမြိုင်ပညာရေးကောလိပ်)သည် ၁၀-၁-၂၀၂၀ (သောကြာနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်ဆရာ/ဆရာမများ**

**ဆေးပညာဌာန**

**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

---

## အနိစ္စ

## ဒေါ်နီနီ (မုံရွာမြို့)

### အသက်(၉၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကွေ့ကြီးရပ်၊ အမှတ်(၁)လမ်းနေ [ဦးခင်မောင်ကြီး(နိုင်ငံ့ဂုဏ်ရည်-ဒုတိယဆင့်)]၏ချစ်လှစွာသောဇနီး၊ (ဦးစိုးလွင်)-ဒေါ်မြမြညို၊ (ဦးတိုင်းဝင်း)၊ ဦးကျော်ဝင်း-ဒေါ်ခင်မေအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ကိုဟန်ဝင်းနောင်-မချစ်ပွင့်သျှမ်း၊ ကိုသက်ထွန်းအောင်၊ ကိုထက်လင်းနောင်၊ ကိုဝင်းပြည့်မောင်၊ (ကိုစိုးထက်ခေါင်)၊ ကိုဖြိုးထက်အောင်တို့၏ ချစ်လှစွာသောအဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်နီနီသည် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် မုံရွာမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မြင့်စိုး (မလေး)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**(ငွေစာရင်း)**

**B.Com (CPA) (၁၉၇၈)**

### အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်သိန်း-ဒေါ်တင်ညွန့်)တို့၏ သမီး၊ ဗိုလ်တထောင်မြို့နယ်၊ ကန္နားလမ်း၊ အမှတ်(၃၁၄)၊ ငါးလွှာ(ဝဲ)နေ (ဦးသန်းအေး)၏ ဇနီး၊ (ဦးမောင်မောင်သိုက်)-ဒေါ်ခင်ကြည်စိုး (NAD-ငြိမ်း)၊ ဦးကျော်စိုး(ဆ-သ-ရ-ငြိမ်း)-ဒေါ်တင်တင်ရွှေ (ဆသရ-ငွေစာရင်း)၊ ဦးလှစိုး(ပတခ-ငြိမ်း)-ဒေါ်စန်းစန်းဝင်း (DICA-ငြိမ်း)တို့၏ ညီမ၊ (ဦးစိုးမင်း)-ဒေါ်သိဂီ တို့၏ အစ်မ၊ မောင်အောင်ခန့် (UNITEAM)၏ အဒေါ် ဒေါ်ခင်မြင့်စိုးသည် ၄-၁-၂၀၂၀ ရက် ည ၇:၃၀ နာရီတွင် ဝမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ဝမြို့ ရဟိုင်ကွင်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအေးမြင့်

### အသက် (၇၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နေ (ဦးမြသောင်း-ဒေါ်ခင်စော)တို့၏သား၊ ဒေါ်မြရှိန်၏ခင်ပွန်း၊ ဒေါ်မိုးမိုးအေး (ရကတ-ငွေ)၊ ဦးသော်ဦးဟန်-ဒေါ်နန်းနန်းထွေး(CKE Co.,Ltd)တို့၏မွေးသဖခင်၊ မောင်ဘုန်းသုခ၊ မသဇင်ဟန်တို့၏အဘိုးသည် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၄:၂၇ နာရီတွင် အမှတ်(၃၄၆)၊ ကောလိယ (၃၁)လမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်အုန်း (အကောက်ခွန်-ငြိမ်း) (၇၃) နှစ်

**လက်ထောက်ညွှန်ကြားရေးမှူး**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၃)ရပ်ကွက်၊ သာလ္လဝတီ(၃)လမ်း၊ အမှတ်(၁၂၇၇/က)နေ ဒေါ်လှလှ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ခင်အုန်း-မမိုးမိုးလွင်၊ မောင်ခင်ဇော်အုန်း-မဟန်သန်းဝေ၊ ဦးကိုကိုမျိုး (နိုင်ငံခြားရေးဝန်ကြီးဌာန)-မချိုမာအုန်း၊ မောင်ဇော်လှိုင်အုန်း-မဝင်းစုစံ၊ မောင်ငြိမ်းချမ်းအုန်း-မခင်မာလွင်၊ မောင်ဒီအုန်း-မဆန်းဝတ်ရည်တို့၏မွေးသဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးမောင်အုန်းသည် ၁၂-၁-၂၀၂၀(တနင်္ဂနွေနေ့) ည ၈:၁၀ ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သာကေတမြို့နယ်၊ ၁၀/တောင် (၁၃)ရပ်ကွက်၊ သာလ္လဝတီ(၃)လမ်း၊ အမှတ်(၁၂၇၇/က)နေ ဒေါ်လှလှ၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဇော်ဝင်း (သာယာဝတီ)

**LL.B**

**ဦးစီးအရာရှိ(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### အသက်(၇၁)နှစ်

သာယာဝတီမြို့နေ (ဦးမောင်လှ-ဒေါ်သိန်းဟံ)တို့၏ သား၊ လက်ပံတန်းမြို့နေ (ဦးသောင်း-ဒေါ်ညို)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ် (၁၆၂)နေ ဒေါ်သန်းဌေး (ညွှန်ကြားရေးမှူး-ငြိမ်း၊ စည်ပင်သာယာရေးဦးစီးဌာန)၏ ခင်ပွန်း၊ (ဒေါ်ခင်စန်းမေ)၏ မောင်၊ (ဒေါ်ခင်စန်းဝင်း)၊ (ဦးသိန်းထွန်း)-ဒေါ်ခင်အေးအေး၊ (ဦးမောင်မောင်တာ)၊ ဦးတင်စော-ဒေါ်သန်းသန်းဌေး (အထက-၁၊ သာယာဝတီ)၏ အစ်ကိုကြီး၊ ဒေါ်ဝေဝေဖြိုး (မန်နေဂျာ၊ ငွေစာရင်းဌာန၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းရုံးချုပ်)၊ ဒေါ်တိုးတိုးအောင် (ဒု-ဦးစီးမှူး၊ ရန်ကုန်တိုင်းစည်ပင်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမ ၁၂ ယောက်တို့၏ဦးလေး ဦးဇော်ဝင်းသည် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

**ရာသက်ပန်အသင်းဝင်**

## ဒေါ်မို့မို့ (ခ) ဒေါ်ကြူကြူသန်း

### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၆)၊ သုခလမ်း(အထက်)နေ ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း၏ဇနီး ဒေါ်မို့မို့(ခ)ဒေါ်ကြူကြူသန်း အသက်(၆၁) နှစ် သည် ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

**ရာသက်ပန်အသင်းဝင်**

## ဒုအရာခံဗိုလ် ဇော်နိုင်အေး

### အသက်(၄၈)နှစ်

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၉၅၃)ဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)နေ ဒေါ်နီနီမောင်၏ခင်ပွန်း၊ ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဒုအရာခံဗိုလ် ဇော်နိုင်အေး အသက်(၄၈)နှစ်သည် ၁၀-၁-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

---

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

## ဦးခင်ဝင်း

**ဦးစီးအရာရှိ**

### အသက် (၇၀)

ရာသက်ပန် အသင်းဝင်အမှတ် (၁၀၃၅) ဦးခင်ဝင်းသည် ၁၂-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၀ ရက်တွင် စင်ကာပူနိုင်ငံရှိ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ခင်စန်း(မြိတ်)

### အသက်(၈၈)နှစ်

**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**

**အသင်းဝင်အမှတ်(၁၉၁၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ပန်းလှိုင်လမ်း၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၃၂)၊ လေးလွှာနေ ဦးမြတ်စော၏ ဇနီးသည် ၁၁-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်း

### အသက်(၉၀)

**(ဇေယျဝတီမြို့)**

မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်နေ (ဦးစံရီ-ဒေါ်သိန်း)တို့၏ သမီး၊ အမှတ်(၁၁/6-A)၊ ဟုမ်းလမ်းနေ [ဦးထွန်းရှင်(ခ)ဦးမန်းနီး]၏ ချစ်လှစွာသောဇနီး၊ ဦးသန်းဌေး(မန်းရေနံမြေ)-ဒေါ်သန်းနု၊ ဦးသိန်းဖေမြင့်-ဒေါ်တင်တင်အေးထွန်း၊ (ဦးသန်းထွန်း)-ဒေါ်သန်းသန်းရှင်၊ ဦးဝင်းအောင်-ဒေါ်တင်တင်စိန်၊ (ဦးနေထွန်းအောင်)၊ (ဦးအောင်ကျော်ဦး)-ဒေါ်နီနီထွန်း၊ ဒေါ်ခက်ခက်ထွန်း၊ (ဦးစိုးနိုင်ထွန်း)၊ ဦးစိုးပိုင်ထွန်း-ဒေါ်စန္ဒာဦးတို့၏ မွေးသမိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ်ရှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားသည် ၁၁-၁-၂၀၂၀(စနေနေ့) ည ၁၀:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညွန့်ရီ (ပခုက္ကူ)

### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြောက်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၁၆၀)၊ မီးသတ်ဝန်ထမ်းအိမ်ရာနေ [ဦးမြင့်စိုး (ကျောင်းအုပ်ဆရာကြီး-ငြိမ်း)]၏ ဇနီး၊ ဒေါ်တင်မာစိုး၊ ဦးသော်ဒါ(ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်မော်မော်စိုး (ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး)၊ ဒေါ်ဥမ္မာစိုး (အထကခွဲ-မြို့မ-၃၊ တိုက်ကြီး)၊ [ဦးကိုကိုစိုး (ရုံပိုင်ကြီး၊ မြန်မာ့မီးရထား)]-ဒေါ်ဌေးဌေး၊ ဦးမောင်မောင်စိုး-ဒေါ်စန်းမြင့်ခိုင်(ပခုက္ကူ)၊ ဦးမြင့်ဇော် (ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်ခင်ဇာနည်စိုး (ဦးစီးအရာရှိ၊ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး)၊ ဦးသာထက်စိုး (ဦးစီးအရာရှိ၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပခုက္ကူ)၊ ဦးသူရိန်စိုး(လက်ထောက်မီးသတ်ဦးစီးမှူး၊ တောင်ဥက္ကလာပမြို့နယ်၊ မီးသတ်စခန်း)-ဒေါ်သီသီဌေးဝင်း၊ ဦးစိုးနိုင်(အလယ်တန်းပြ၊ အထကခွဲ၊ အတွင်းရေကျော်)-ဒေါ်ခိုင်ဇင်စိုး(အထက်တန်းပြ၊ အထကခွဲ၊ အတွင်းရေကျော်)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁:၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်သောင်း

**အောင်တိုးကြွယ် ကားရေတိုင်ကီ ပြုပြင်ရေး**

### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် (၁၂၉၈)နေ ဒေါ်ခင်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှကြိုင်-ဒေါ်ထားထားမြင့်(အောင်တိုးကြွယ် ကားရေတိုင်ကီပြုပြင်ရေး-၂)၊ ဒေါ်ဝင်းမာမြင့်၊ ကိုထွန်းနိုင်(PIL SHIPPING CO.,LTD)-မယဉ်ဝင်းခိုင်၊ ကိုညီညီထွေး၊ ကိုမင်းမင်းဟိန်း (UMS SHIPPING CO.,LTD)-မရင်မြအေး (မူ/ပြ)၊ ကိုညီညီဟိန်း (အောင်တိုးကြွယ် ကားရေတိုင်ကီပြုပြင်ရေး)-မစန်းယုနွယ်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဦးစိန်သောင်းသည် ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၈:၄၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ လမ်း၊ တံတား၊ ရေတွင်း ဒါယကာကြီး

## ဒေါက်တာမျိုးသန့်

**ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး(ပုသိမ်)**

### အသက် (၅၈)နှစ်

ဝါးခယ်မမြို့နေ (ဦးမောင်တင်-ဒေါ်စန်းတင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးစိန်ဝင်း)-ဒေါ်သန်းသန်းနွဲ့တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးမောင်မောင်အေး-ဒေါ်ရီရီဝင်းတို့၏မောင်၊ ပုသိမ်မြို့နေ ဦးဝင်းကိုကို-ဒေါ်မီမီလှတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၆၂)နေ ဒေါက်တာအေးအေးမိုး (မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ တောင်ဥက္ကလာပမြို့နယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မသက်မြတ်နိုးဦး (Final Part II UM I)၊ မခင်ငြိမ်းချမ်းခင် (2nd MB UM I)တို့၏ ချစ်လှစွာသောဖခင် ဒေါက်တာမျိုးသန့်သည် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ရန်ကုန်မြို့၊ ခုတင်(၅၀၀) အထွေထွေရောဂါဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဥမ္မာစိုး (ဗဟို/သမ)

### အသက် (၄၈) နှစ်

ရန်ကုန်မြို့နေ (ဦးစိုးမြင့်)-ဒေါ်ခင်စန်းတို့၏သမီး၊ အမှတ်(၂၂/ဒီ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးတင်မောင်ဖြူ-ဒေါ်ခင်တင့်တို့၏သမီးချွေးမ၊ ဦးကျော်ဝေထွန်း(Eager Communication Co., Ltd)-ဒေါ်ခင်သန္တာစိုးတို့၏ အစ်မ၊ ဦးဝင်းမောင်ဖြူ(Sule Shangri-La Hotel)-ဒေါ်အေးအေးသွယ်(Towards Ultimate Co.,Ltd)၊ ဒေါက်တာအေးမြဖြူ(သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသင်းမောင်ဖြူ-ဒေါ်ခိုင်သန္တာစိုးတို့၏ညီမ၊ မောင်ရဲမိုးလွင်၊ မောင်အောင်မိုးသွင်၊ မောင်မင်းဟိန်းခန့်၊ မောင်ဇွဲဝေယံထူးတို့၏ အဒေါ်/ကြီးတော်၊ ဦးလင်းမောင်ဖြူ၏ ချစ်လှစွာသောဇနီး၊ မောင်ဟိန်းသန့်လင်း၊ မောင်ဟိန်းထက်ညီညီ (အ.မ.က-၃၊ ဗဟန်း)တို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်ဥမ္မာစိုးသည် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မလွှိုင်ပြုပြီး နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် သဘောတူညီချက်များချမှတ်နိုင်ရန် ကြိုးပမ်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ကော်မတီအဖွဲ့ဝင် ဦးမောင်မောင်ငြိမ်း၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးဝဏ္ဏအောင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪



ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

## (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာရဝတီပွဲတော်ကွင်း၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV ၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)၊ မြန်မာ့အသံရေဒီယို အစီအစဉ်၊ Myanmar State Counsellor Office Facebook Page၊ NRPC Facebook Page၊ Ministry of Information Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့တွင် ယင်းနေ့ နံနက် ၈ နာရီ မိနစ် ၃၀ အချိန်မှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ကြေးမုံ ယနေ့ ဖတ်စရာ

**ပြင်ဦးလွင်မြို့၌ ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ**
စာမျက်နှာ » ၈

**နျူကလီးယားသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အီရန်အား ဗြိတိန်၊ ဂျာမနီနှင့် ပြင်သစ်တို့က ဖိအားပေးလျက်ရှိ**
စာမျက်နှာ » ၁၂

**ဒေါ်လာ ၂၃ ဘီလီယံနီးပါး တန်ကြေးရှိစာချုပ်များ အင်ဒိုနီးရှားနှင့် ယူအေအီး လက်မှတ်ရေးထိုး**
စာမျက်နှာ » ၁၃

## တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲများအဖြစ် မီတာ(၁၀၀)(အမျိုးသား-၁၀မျိုးစုံ)၊ တုတ်ထောက်ခုန်(အမျိုးသား)၊ မီတာ ၁၀၀ x ၄ လက်ဆင့်ကမ်း(အမျိုးသား/အမျိုးသမီး)၊ အလျားခုန်(အမျိုးသား-၁၀မျိုးစုံ)၊ အလျားခုန်(အမျိုးသမီး)၊ သံလုံးပစ်(အမျိုးသား-၁၀မျိုးစုံ)၊ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖


